# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ မေ ၁၄ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈နှစ် မပြည့်သေးသူများကို စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်**
ပြည်တွင်းသတင်း စာ - ၆

**(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဒုတိယမြောက်ရွှေတံဆိပ်ဆုကို ပီတန်းအားကစားနည်းမှ မခင်ချယ်ရီသက် ဆွတ်ခူးရရှိ**
ပြည်တွင်းသတင်း စာ - ၈

**ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု ၂၀၂၂ ခုနှစ်တွင် ၆ ရာခိုင်နှုန်း တိုးတက်လာဖွယ်ရှိ**
နိုင်ငံတကာသတင်း စာ - ၁၃

**မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ**
ဆောင်းပါး စာ - ၁၆




တောင်ငူမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်သင်ကြားလျက်ရှိ

**နေပြည်တော် မေ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ စတင်၍ ပုံမှန်ပညာသင် နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်လျက်ရှိကြသည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထု လုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁*❖




# ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ဗောဓိရေသွန်းသည့်ကုသိုလ်

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတို့အဖို့ ကဆုန်လပြည့်နေ့သည် ထူးခြားချက်လေးခုတို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအစ ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်ခံယူခြင်း၊ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့တွင် ဘုရားလောင်းဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံတော်မူခြင်းဟူသော အချက်လေးချက်ကို အကြောင်းပြု၍ ကဆုန်လပြည့်ကို ဗုဒ္ဓနေ့အဖြစ် ရိုသေလေးမြတ်စွာ သတ်မှတ်ထားကြခြင်း ဖြစ်သည်။

ထို့အပြင် ကဆုန်လပြည့်နေ့တွင် မာရ်ငါးပါးကို အောင်မြင်တော်မူခြင်းကြောင့် ဤနေ့ရက်သည် မာရ်အောင်မြင်နေ့လည်း ဖြစ်သည်။ ဗုဒ္ဓအလောင်းအလျာကို ဖွားမြင်စဉ်အခါတွင် လည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်အခါတွင်လည်းကောင်း ဝိသာခါနက္ခတ်နှင့် ယှဉ်သည်ကို အကြောင်းပြု၍ ကဆုန်လပြည့်နေ့ကို ဝိသာခါနေ့ (Vesak Day) ဟူ၍လည်း ခေါ်ဆိုပြီး ၁၉၉၉ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် **Vesak Universal Holiday** အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့သည်။

ဂေါတမမြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရန်အတွက် ဗောဓိပင်ကို အမှီပြု၍ တရားအားထုတ်တော်မူခဲ့ရခြင်းဖြစ်သည်။ ဗောဓိဟူသည် အရိယာမဂ်ဟူ၍ လည်းကောင်း၊ သဗ္ဗညုတဉာဏ်ဟူ၍ လည်းကောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်ရာ ဗောဓိပင်ဟူသည် သဗ္ဗညုတဉာဏ်တော်ရရန် တရားအားထုတ်ရာ၌ အမှီပြုခဲ့ရသော သစ်ပင်ကို ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဂေါတမဗုဒ္ဓပွင့်တော်မူရာ ညောင်ဗုဒ္ဓဟေပင်များသည် ဗောဓိပင်များပင်ဖြစ်သည်။ ပူဇော်သင့် ပူဇော်ထိုက်သော အရာများသည် စေတီများဖြစ်ပြီး ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ ရှိသည့်အနက် ဗောဓိပင်များသည် ပရိဘောဂစေတီများဖြစ်သည်။ ဗုဒ္ဓပွင့်တော်မူရာ ဗောဓိပင်များကို ရေသွန်းလောင်းခြင်းအားဖြင့် ဘုရားရှင်အား အာရုံပြုကြည်ညိုကာ ကုသိုလ်စိတ်များ ဖြစ်ပေါ်နိုင်ပြီး ပူပြင်းခြောက်သွေ့သည့် ရာသီကြောင့် ညှိုးရော်လုဆဲဖြစ်နေသည့် ဗောဓိပင်ကိုလည်း စိုပြည်လန်းဆန်းစေသည်။

ဤဘဒ္ဒကမ္ဘာမှ ၉၁ ကမ္ဘာအထက် ဝိပဿီဘုရားရှင်လက်ထက်တွင် ရဟန်းတစ်ပါးသည် ဗောဓိပင်(သခွပ်ပင်)ကို ရေသွန်းလောင်းပူဇော်ပွဲသို့ ရောက်ရှိခဲ့ပြီး ပန်းတို့ဖြင့် ထုံမွှမ်းထားသော ရေကိုယူကာ “ကိုယ်တော်တိုင် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပြီးသည်ဖြစ်၍ ငါတို့ကို လွတ်မြောက်စေလတ္တံ့၊ ကိုယ်တော်တိုင် ဒုက္ခငြိမ်းအေးပြီးသည်ဖြစ်၍ ငါတို့ကို ငြိမ်းအေးစေလတ္တံ့” ဟု နှလုံးသွင်းလျက် သွန်းလောင်းပူဇော်သည်။ ဗောဓိပင်၌ ရေသွန်းပူဇော်ခဲ့ချိန်မှစ၍ ၉၁ ကမ္ဘာ ကာလပတ်လုံး အပါယ်လေးပါးလားရခြင်းဟူ၍မရှိ။ ၃၃ ကမ္ဘာထက်သို့ ရောက်သည့်အခါ လူအပေါင်းတို့ကို အစိုးရသည့် စကြာဝတေးမင်း ရှစ်ကြိမ်ဖြစ်သည်။ ထို့နောက် လေးပါးသော ပဋိသမ္ဘိဒါ၊ ရှစ်ပါးသော ဝိမောက္ခ၊ ခြောက်ပါးသော အဘိညာဉ်တို့ကို မျက်မှောက်ပြုအပ်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတို့ကို လိုက်နာကျင့်သုံးပြီးပြီဟူ၍ အသျှင်ဗောဓိသိဥ္စကမထေရ်က ဂါထာကို မိန့်ဆိုကြောင်း ခုဒ္ဒကပါဠိတော်၊ ဗောဓိသိဥ္စကတ္ထေရအပဒါန်တွင် ပါရှိသည်။

ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်း ကုသိုလ်ပြုကြသည့်အခါ ဗောဓိသိဥ္စကမထေရ် ဟောတော်မူခဲ့သည့် အစဉ်အလာထုံးကို နှလုံးမူလျက် သဗ္ဗညုတဉာဏ်တော်အရှင် ဗုဒ္ဓမြတ်စွာဘုရားကို နှလုံးသွင်းကာ ညောင်ရေသွန်းပူဇော်ကြခြင်းဖြင့် ကုသိုလ်အကျိုးထူးတို့ သံသရာတစ်လျှောက် ခံစားရရှိနိုင်ကြပါစေကြောင်း။ ။



## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် မေ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပသော ပါဠိပထမပြန် စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (သတ္တမနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး) သတ္တမနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၆၇၂၀ အနက် ၅၂၄၂ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၇၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၃**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့ရှိ မဟာဝံသ ကမ္ဘောဇ လောကသရဖူ အောင်တော်မူသိမ်ကျောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ရှိ ကောင်းမှုလျှံ ဘုန်းတော်ကြီးကျောင်း၊ ဆိုက်ခေါင်ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ မဟာအောင်မြေကျောင်းတိုက်၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိကျိုက်ဒေးဝကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အောင်သုခကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ဘူးသီးတောင်မြို့ရှိ ဓမ္မမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း၊ မင်းပြားမြို့ရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သူကြီးတောင် တပ်ဦးဓမ္မပိမာန်ကျောင်း၊ မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇)ရှိ တပ်ဦးရွာသစ် ကျောင်းတိုက်၊ ရပ်ကွက်ကြီး (၁)ရှိ မိုးညိုကျောင်းတိုက်၊ ရပ်ကွက်ကြီး(၄)ရှိ ရတနာမာန်အောင်ကျောင်းတိုက်၊ ဇယန်းသီလရှင်တိုက်၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် စိန်ကန့်လန့်ကျေးရွာရှိ စလူမြေတပ်ဦးကျောင်း၊ ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာရှိ မဟာစကြာပါဝနန်းတော်ဦးစေတီတော် ဘုန်းတော်ကြီးကျောင်းနှင့် ပေါင်းတည်မြို့ မင်းကွက်(၁)ရပ်ကွက် နန်းဦးကျောင်းလမ်းရှိ သာသနာ့ပါလ သီလရှင်ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင် ဘုန်းတော်ကြီး သင်တန်းကျောင်းသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဆည်တော်မြင်ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ စံကျောင်းတိုက်သို့ လည်းကောင်း (**ယာပုံ**)၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ အောင်သုခ ပရိယတ္တိစာသင်တိုက်သို့ လည်း ကောင်း၊ ဧရာဝတီတိုင်း



ဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ဆရာတော်၊သံဃာတော်များ အတွက် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် “**ပန်းခင်း**”စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၃**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီမှ စီးပွားရေးလုပ်ငန်း အသီးသီးသို့ ချေးငွေထုတ်ပေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ချေးငွေရယူထားသူများက ပြန်လည်ပေးဆပ်နေမှု၊ ဝဥစိုက်ပျိုးထုတ်လုပ်သူများအတွက် ချေးငွေ ထုတ်ပေးရေး ချင်းပြည်နယ်အစိုးရက တင်ပြလာမှု အပေါ် ချေးငွေထုတ်ပေးမည့် အစီအစဉ်၊ အခြား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိ သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြ သူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက် မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းဟန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ၏ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းဆိုင်ရာ ကိစ္စ၊ ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ ကိစ္စ၊ သဘာဝဓာတ်ငွေ့နှင့် အပူ စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံ စီမံကိန်းဆိုင်ရာကိစ္စ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဌာနဆိုင်ရာ အကြီး အကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။**သတင်းစဉ်**



# ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အထည်ချုပ်အလုပ်အကိုင်ကို အဓိကဦးစားပေး၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်သွားမည်

**ရန်ကုန် မေ ၁၃**

၂၀၂၁-၂၀၂၂ Mini Budget နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် ရေးလုပ်ငန်းများ သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျွမ်းကျင် မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ၌ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးနှင့် အသိအမှတ်ပြု ရေး ကော်မတီဝင်များ၊ အလုပ် အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီဝင်များ နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ Assessment Center တာဝန်ခံ များ၊ Chief Assessor/Assessor များ၊ Inspector များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် ဒုတိယ ဝန်ကြီးက မြန်မာနိုင်ငံလုပ်သား များ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့မှ အကောင် အထည်ဖော် ဆောင်ရွက်ချက်များ သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင် လုပ်သားများမွေးထုတ်ပေးနိုင်ရေး အဓိကကျသည့် လုပ်ငန်းဖြစ်၍ အကောင်အထည်ဖော် ဆောင် ရွက်သူအားလုံး အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွင်း ဖြေဆိုသူ ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်ရန် လျာထား ပြီး ၂၀၂၁-၂၀၂၂ Mini Budget အတွင်း ကျွမ်းကျင်မှုစစ်ဆေးရေး အကဲဖြတ်ခြင်း လုပ်ငန်းများကို ကိုဗစ်-၁၉ ကာလအတွင်း ကန့်သတ် ဆောင်ရွက်ခဲ့ရသဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်အတိုင်း အောင်မြင် စွာ အကောင်အထည်ဖော်နိုင်ရ မည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွင်း အထည်ချုပ်အလုပ် အကိုင်ကို အဓိက ဦးစားပေး၍ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ အတွင်း စက်မှုဇုန်များရှိ အထည် ချုပ် စက်ရုံများနှင့် အထည်ချုပ် လုပ်ငန်း စစ်ဆေးအကဲဖြတ်ရေး ဌာန အရေအတွက်ကို နှိုင်းယှဉ် ကြည့်ပါက အချိုးမညီသဖြင့် စစ်ဆေးရေးမှူးများ၊ စစ်ဆေး အကဲဖြတ်သူများ၊ စစ်ဆေးရေးမှူး ချုပ်များ ပိုမိုမွေးထုတ်၍ စစ်ဆေး အကဲဖြတ်ရေးဌာနများ တိုးချဲ့ တည်ဆောက်ပေးပြီး အလုပ်ရှင်၊ အလုပ်သမားများမှ ပူးပေါင်း ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက ၂၀၂၁- ၂၀၂၂ Mini Budget ကာလအတွင်း ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ် ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များ ကို ရှင်းလင်းဆွေးနွေးပြီး ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ရှေ့ဆက် ဆောင်ရွက်မည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အကြံပြု ဆွေးနွေးရာ ဒုတိယ ဝန်ကြီးက ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေး လုပ်ငန်းစဉ်များ အတွက် လိုအပ်သည့် အနည်းဆုံး ကုန်ကျစရိတ်ကို ကာလပေါက် ဈေးအမှန်ဖြင့် တွက်ချက်တင်ပြ ရန်လိုကြောင်း၊ အလုပ်အကိုင် အလိုက် ကျွမ်းကျင်မှုစစ်ဆေးရေး အကဲဖြတ်ရေး ချီးမြှင့်ငွေများကို သတ်မှတ်နှုန်းအတိုင်း ပေးချေရန် လိုကြောင်း၊ Assessment Center များ သတ်မှတ်ကာလအတွင်း သက်တမ်းတိုးရန်နှင့် စစ်ဆေးမှု လုပ်ငန်းစဉ်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးသည် ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဘဝမြင့် မှတ်တိုင်အနီးရှိ CVT Myanmar သက်မွေးပညာသင် တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းတာဝန်ခံ အမှုဆောင် အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာက CVT Myanmar သင်တန်းကျောင်း ၏ ဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်း စဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက MoU သက်တမ်း ကာလအတွင်း MoU ၏ ရည်ရွယ် ချက်နှင့်အညီ အသက်မွေးဝမ်း ကျောင်းနှင့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကို ဆက်လက် ဖွင့်လှစ်ပို့ချနိုင်ရေး မှာကြားပြီး သက်မွေးသင်တန်းကျောင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမတက္ကသိုလ်များ၊ သမဝါယမကောလိပ်များမှ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးစီစဉ်

# သစ်သီးဝလံများ ကုန်ကြမ်းအဖြစ်မှ Value Added တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်

**နေပြည်တော် မေ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ သမဝါယမတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ သမဝါယမသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) နေပြည်တော်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မြန်မာလူငယ်များ၏ အနာဂတ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးသည် အဓိကဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် သမဝါယမတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ ရက်ကန်းကျောင်းများ၊ ပုဂံယွန်းကောလိပ်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများရှိပါကြောင်း၊ အဆိုပါကျောင်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) တို့မှ ပါမောက္ခချုပ်တို့က လုပ်ငန်းများ ဆောင်ရွက်နေမှုကို တင်ပြဆွေးနွေးသည်။



ဆက်လက်၍ သမဝါယမကောလိပ် (ဖောင်ကြီး)၊ သမဝါယမကောလိပ် (မန္တလေး) နှင့် ပုဂံယွန်းပညာကောလိပ်တို့မှ ကျောင်းအုပ်ဆရာမကြီးများက ကျောင်းအပ်လက်ခံပေးနေမှု၊ ဖွင့်လှစ်သွားမည့် သင်တန်းများ၊ သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များက တက္ကသိုလ်များ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပံ့ပိုးဆောင်ရွက်ပေးမည့်ကိစ္စများကို ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် မိမိတို့က တတ်နိုင်သမျှ နည်းလမ်းရှာဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူအသီးသီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ဒေသထွက်ကုန် သစ်သီးဝလံများ ကုန်ကြမ်းအဖြစ်မှ Value Added တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသော မြန်မာရွှေသစ်သီးဝလံ ကုမ္ပဏီလီမိတက် (Myanmar Golden Produce Co.,ltd) ပိုင် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်သည့် စက်ရုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံသို့သွင်းလာသည့် သရက်စိုက်တောင်သူ သမဝါယမအသင်းများမှ စိန်တလုံးအပါအဝင် သရက်သီးများကို လက်ခံဆောင်ရွက်သည့်အတွက် စက်ရုံသာမက သမဝါယမအသင်းသား သရက်စိုက်တောင်သူများပါ အကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ သရက်ခွံစွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာ ထုတ်လုပ်နေမှုအား တိုးချဲ့ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးရှိနိုင်ကြောင်းပြောကြားသည်။

သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်သည့်စက်ရုံမှ သရက်သီး၊ သရက်ပြင်၊ သရက် နံပြင်၊ သရက်မန်ကျည်းဂျယ်လီ၊ သရက်ပင်မှည့်ဂျယ်လီ၊ သရက်သီးအနှစ် စသည်ဖြင့် ခုနစ်မျိုးခန့် Value Added ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက် ဆလိုဗက်ကီးယားနိုင်ငံ၊ ဒူဘိုင်းနိုင်ငံ၊ တူရကီနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ပေးပို့နိုင်ကြောင်း သိရှိရသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်သည့် စက်ရုံအတွင်း နိုင်ငံခြားသို့ ကုန်စည်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ရာ **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများမှ လိုက်လံရှင်းလင်း ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် မေ ၁၃**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ယခု သင်တန်းကို ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန် လာစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အတွက် အနာဂတ် မျိုးဆက်သစ်များကို ပုံသွင်းပေးရသည့် တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို တာဝန်ယူ တည်ဆောက်ကြမည့် အရည်အသွေး ပြည့်ဝသည့် ကျောင်းသားလူငယ်များ မွေးထုတ်နိုင်ရန် မိမိကိုယ်တိုင်က အရည်အသွေးရှိရန်နှင့် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်ကိုက်ညီသော ပညာရပ်နှင့် ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၇ ဦး၊ သင်တန်းသူ ၂၀၄ ဦး စုစုပေါင်း ၂၆၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၂ ရက်မှ ဇွန် ၁၀ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အရာထမ်းလောင်း အခြေခံ သင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၉) သင်တန်းသား သင်တန်းသူများ၏ စစ်ရေးပြဘာသာရပ် လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အခြေခံစစ်ပညာသင်ယူရခြင်း၏ တန်ဖိုးများဖြစ်သော ပူးပေါင်းဆောင်ရွက်တတ်မှု၊ ညှိနှိုင်းဖြေရှင်းတတ်မှု၊ ညီညွတ်မှု၊ အဆင့်ဆင့်ကွပ်ကဲဆောင်ရွက်တတ်မှု စသည့် အနှစ်သာရသဘောထားခံယူချက် ရရှိစေရေး သင်ကြားပို့ချပေးရန် မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် တက္ကသိုလ်တွင် သင်တန်း တက်ရောက်သည့် သင်တန်းသား သင်တန်းသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စိုက်ပျိုးထားသည့် နှစ်ရှည်ပင်၊ ဈေးကွက်ဝင် နှစ်လတ်ပင်နှင့် ရာသီ သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**





❖ *ရှေ့ဖုံးမှ*

ထိုသို့ပြန်လည်ဖွင့်လှစ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်နှစ်ခုနှင့် စိုက်ပျိုးရေး သိပ္ပံကျောင်း ၁၃ခု၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၇ ခု၊ ဆရာအတတ်ပညာဦးစီးဌာန အောက်ရှိ ပညာရေးဒီဂရီကောလိပ် ၂၅ ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ် ၆၀ ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ အစိုးရနည်းပညာကောလိပ် လေးခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၂၂ ခုတို့ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မေ ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စက်သုံးဆီ လုံလုံလောက်လောက် တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပြည်သူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူနိုင်သည့်အခြေအနေဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်

နေပြည်တော် မေ ၁၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ Virtualစနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စက်သုံးဆီ၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသည်ကို အားလုံးသိရှိထားပြီး ဖြစ်သလို တက်ရောက်လာသည့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ စက်သုံးဆီကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအားလုံးနှင့်အတူ ပူးပေါင်း၍ စက်သုံးဆီ လုံလုံလောက်လောက် တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပြည်သူများ အနေဖြင့်လည်း သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူနိုင်သည့် အခြေအနေဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စက်သုံးဆီအသင်းသည် အစိုးရကချမှတ်သည့် မူဝါဒများ၊ ထုတ်ပြန်ချက်များကို ဌာနဆိုင်ရာနှင့် သက်ဆိုင်ရာ ကုမ္ပဏီတို့ အကြားကြားခံအဖြစ် ဆောင်ရွက်နေကြရသည်ဖြစ်၍ အားလုံးအတူတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အသင်းမှ အလုပ်အမှုဆောင်အဖွဲ့(ယာယီ) ဖွဲ့စည်းခြင်းကိုလည်းကြိုဆိုပါကြောင်း၊ အသင်းအနေဖြင့် စက်သုံးဆီ တင်သွင်းခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ညှိနှိုင်း၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စက်သုံးဆီလိုအပ်ချက်ပေါ်မူတည်၍ အချိန်မီ တင်သွင်းဖြန့်ဖြူးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သလို အခက်အခဲများရှိပါကလည်း မိမိတို့နှင့်အတူ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က စက်သုံးဆီကုမ္ပဏီများအနေဖြင့် စက်သုံးဆီတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းကိစ္စများတွင် အခက်အခဲများရှိနေသည်ကို နားလည်သဘောပေါက်ပါကြောင်းနှင့် ကော်မတီအနေဖြင့်လည်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက် စိစစ်ခွင့်ပြုနေရသည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ကုမ္ပဏီများက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်ပါဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ စက်သုံးဆီတစ်ဆင့်ခံ ရောင်းချသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ အထွေထွေအုပ်စုမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကာ လိုအပ်သည်များအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ၏သားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ ဝန်ထမ်းမိသားစုများ၏သားသမီး ကျောင်းသားကျောင်းသူများ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဇံက ပညာသင်ထောက်ပံ့ငွေပေးရမည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၄၃၇ ဦးနှင့် တက္ကသိုလ်အဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၅၁ ဦး၊ စုစုပေါင်း ၄၈၈ ဦးရှိပြီး ၄၈ သိန်းကျော် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ရခြင်းရည်ရွယ်ချက်မှာ ဝန်ထမ်းများနှင့် ၎င်းတို့၏ သားသမီး ကျောင်းသား ကျောင်းသူများအတွက် တစ်စိတ်တစ်ပိုင်း အကူအညီဖြစ်စေရန် ဖြစ်ပြီး နောင်ပညာသင်နှစ်များတွင် ယခုထက် ပိုမိုထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သားသမီးများကို ပညာကြိုးစားသင်ယူ ဆည်းပူးအောင် တိုက်တွန်းပေးကြစေလိုကြောင်း၊ ပညာတတ်မြောက်မှသာ နောင်တစ်ချိန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့တာဝန်များကို ကျရာကဏ္ဍမှ ကျေပွန်စွာပါဝင် ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဇံနှင့် ညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူတို့က ပညာသင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ ကော်မရှင်ရုံး၊ တိုင်းဒေသကြီး / ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ ခွဲရုံးများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဇံက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လာအိုနိုင်ငံရောက် နေရပ်ပြန်ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား ဝမ်ပုံဆိပ်ကမ်း၌ ကြိုဆိုလက်ခံ



တာချီလိတ် မေ ၁၃

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်း၌ လာအိုနိုင်ငံတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား မေ ၁၂ ရက်က လာအိုနိုင်ငံ မိန်းမောဆိပ်ကမ်းမှတစ်ဆင့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်းသို့ တာဝန်ရှိသူများက လွှဲပြောင်း ပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးခြင်းများပြုလုပ်၍ ကြိုဆိုလက်ခံခဲ့ကြကြောင်း သိရသည်။

အဆိုပါ လာအိုနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား အမျိုးသား ၁၀၀ ၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၈၂ ဦးတို့အား ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်၏ ကူညီစောင့်ရှောက်မှုဖြင့် တာချီလိတ်ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက နေရပ်ဒေသအသီးသီးသို့ ပြန်လိုကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို ကြိုဆိုလက်ခံဆောင်ရွက်ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထိုနေရပ်ပြန် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီးနောက် ဟောင်လိတ် ရပ်ကွက်ရှိ စံလင်းဖြိုး Quarantine Center တွင် ခုနစ်ရက်ခန့်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးရာတွင် ရောဂါပိုးမတွေ့ရှိသူများအား စံလင်းဖြိုး Quarantine Center ၌ သုံးရက်ခန့်ထားရှိပြီး ဒုတိယနှင့် တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရာ ရောဂါပိုးမတွေ့ရှိသူများအား ၎င်းတို့၏ နေရပ်ဒေသများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက မော်တော်ယာဉ်များ စီစဉ်ပေး၍ ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ယော်(တာချီလိတ်)**

# ရေဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့များအား ထောက်ပံ့ငွေများပေးအပ်




**နေပြည်တော် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။(ဓာတ်ပုံ)

**သတင်းစဉ်**

# တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသူများကို စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် ယခု ၁၇ ကြိမ်မြောက်အဖြစ် ၂၈ ဦး လွှဲပြောင်းပေးပြီးပါက စုစုပေါင်း ၁၀၅၇ ဦးအထိ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်

**နေပြည်တော် မေ ၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့၏ အစီအစဉ်ဖြင့် တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် စိစစ်၍ စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ယခုအကြိမ်တွင် ၂၈ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မိဘ/အုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ပြုလုပ်သည်။




အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် လှမြင့်စိုးနှင့် တပ်မတော်မှ အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နုတ်ထွက်ခွင့်ရရှိသူ ၂၈ ဦးနှင့် ၎င်းတို့၏ မိဘ/အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှမြင့်စိုးက အမှာစကား ပြောကြားသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ပြီး နုတ်ထွက်ခွင့်ရရှိသူ ၂၈ ဦးကို မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နုတ်ထွက်ခွင့်ရရှိသူများနှင့် မိဘ/အုပ်ထိန်းသူများကို မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး ဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိ စစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့်ကျွမ်းကျင်မှုများ သင်ယူရန်၊ ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်များ စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို ၁၆ ကြိမ်ပြုလုပ်ခဲ့ပြီး နုတ်ထွက်ခွင့်ရရှိသူ ၁၀၂၉ ဦးအား မိဘ/အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခု ၁၇ ကြိမ်မြောက်အဖြစ် ၂၈ ဦး လွှဲပြောင်းပေးပြီးပါက စုစုပေါင်း ၁၀၅၇ ဦးအထိ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် အသက် ၁၈ နှစ်မပြည့်သေးသူများ တပ်မတော်အတွင်းဝင်ရောက်လာမှုမရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ ပေးအပ်လှူဒါန်းသည်။



ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးညှင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မိုးညှင်း မေ ၁၃**

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ စုပေါင်း၍ မိုးညှိုမြို့ ရွှေဥဒေါင်းရပ်ကွက်အတွင်း နေအိမ်များရှိ ရေတွင်း၊ ရေကန်၊ ကျောက်စည်ပိုင်း၊ ရေအိုး အစရှိသည်တို့တွင် ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးများခပ်ခြင်း၊ ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) အသိပညာပေးခြင်းလုပ်ငန်းများကို တစ်အိမ်ဝင် တစ်အိမ်ထွက် ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်များနှင့် ကျေးရွာများတွင် အပတ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(မိုးညှို)**

# အုတ်တွင်းမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၌ စာအောင်သံဃာတော်များအား စူဠဘွဲ့ဆက်ကပ်ခြင်းနှင့် ယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား စာအောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်

**နေပြည်တော် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၁ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား စူဠဘွဲ့ဆက်ကပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဇောဓိကုန်းကျောင်းတိုက်ရှိ ဝိဇ္ဇာသမိဒ္ဓိမဟာ ရွှေကံသာကျောင်းတော်၌ ကျင်းပရာ အုတ်တွင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိသာသရအမှူးပြုသော သံဃာတော်များနှင့် စာအောင်သံဃာတော်များ ကြွရောက်တော်မူပြီး အုတ်တွင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။



ထို့နောက် တက်ရောက်လာကြသူများက သံဃာတော်များနှင့် စာအောင်သံဃာတော်များအား သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အောင်လက်မှတ်များနှင့် ဆုဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် ကုန်းကျောင်းပရိယတ္တိစာသင်တိုက်၌ (၂၃) ကြိမ်မြောက် စူဠဘွဲ့ဆက်ကပ်ခြင်း၊ ပါဠိပထမပြန် စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ယဉ်ကျေးမှု စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်းကို ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကာ ယဉ်ကျေးမှုစာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအား စာအောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် မေ ၁၃**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ နွေရာသီ ကျောင်းပိတ်ရက် မှီခိုသူ သား/ သမီးများ အခြေခံ အင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာ သင်တန်းနှင့် မြန်မာ့သိုင်းသင်တန်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး သင်တန်းအသီးသီးမှ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား၊ သင်တန်းသူ တစ်ဦးစီအား သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်၍ ဆရာမများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက မြန်မာ့သိုင်းသင်တန်းရှိ သင်တန်းသား၊ သင်တန်းသူများ၏ မြန်မာ့သိုင်းသရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၄ ဦး၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၅ ဦးနှင့် မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၂ ဦးတို့ဖြင့် ဧပြီ ၁၈ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

ထို့အပြင် ယဉ်ကျေးလိမ္မာသင်တန်းကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များတွင် ကျောင်းသား ကျောင်းသူ ၄၇၃ ဦးဖြင့် ဧပြီ ၁၈ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံ ရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံ ပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည် အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၄၇၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၇၇ ဦး၊ ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၀၂၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၅၈၃ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၅၇၂၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ မေ ၁၂ ရက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့်ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်

**ဘီးလင်း မေ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ ပညာပေး သင်တန်းကို မေ ၁၁ ရက်က ပိုင်ဒံလေးကျေးရွာတွင် ဖွင့်လှစ်သင်ကြားပေးသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စပါးကြဲခင်း တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်ရေး၊ EM သုံးစွဲနည်း၊ ဓာတ်မြေဩဇာ သုံးစွဲနည်းများ သင်ကြားပို့ချပေးကာသင်တန်းသူ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ပီတန်းအားကစားနည်းမှ မခင်ချယ်ရီသက် ဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၁၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပီတန်း (အမျိုးသား/ အမျိုးသမီး) အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ National Sports Training Center ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာအားကစားအဖွဲ့များက တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ပီတန်းအားကစားသမား မခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။ ပွဲဦးထွက်ပြိုင်ပွဲတွင် မခင်ချယ်ရီသက်သည် ပြိုင်ဘက်အသင်းဖြစ်သော ငါးနိုင်ငံမှ အသင်းများဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ်အများဆုံးဖြင့် နံပါတ်(၁)နေရာရရှိခဲ့ပြီး နံပါတ် (၄) နေရာမှ ကမ္ဘောဒီးယားနိုင်ငံဖြင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပီတန်းအားကစားမှ ရွှေတံဆိပ်ဆုရ မခင်ချယ်ရီသက် ကို ဆုချီးမြှင့်စဉ်။

ထို့နောက် ဗိုလ်လုပွဲ ပွဲစဉ်တွင် လာအိုအသင်းမှ အားကစားသမားနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မခင်ချယ်ရီသက်က လာအိုအားကစားသမား Kip Thepphakan ကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ပီတန်းအားကစားသမား မောင်ဝင်းသူရိန်ထွန်းကလည်း ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည်။

ဆက်လက်ပြီး Hoai Duc Gymnasium ၌ Kurash အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ (-၇၀) ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မဖြိုးဆွေဇင်ကျော်သည် ဗီယက်နမ်အားကစားသမားကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ (-၇၃) ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် မောင်စိုးမြင့်ထွန်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Hai Phong မြို့၌ Rowing အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ရာ အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲတွင် မရွှေဇင်လတ်နှင့် မနီလာဝင်းတို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Ha Noi National Sports Training Center ၌ ကျင်းပလျက်ရှိသော ကာယဗလ ကာယအလှအားကစားပြိုင်ပွဲ (၅၅) ကီလိုတန်းတွင် မောင်ကျော်မင်းသန်းက ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။


ပီတန်းအားကစားနည်း၌ ယှဉ်ပြိုင်နေသည့် မခင်ချယ်ရီသက်။

**သတင်းစဉ်**


အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေမှုနှင့် အားပေးကြသည့် မြန်မာအားကစားအဖွဲ့ကို တွေ့ရစဉ်။




# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအသင်း စတုတ္ထအသုတ်ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၃**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပပြုလုပ်မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ်သည် ယနေ့နံနက် ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာသွားသည်။



တိုက်ကွမ်ဒိုအားကစားအဖွဲ့ကို တွေ့ရစဉ်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ စတုတ္ထအသုတ်တွင် လက်ဝှေ့အားကစားနည်းမှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး၊ သေနတ်ပစ်အားကစားနည်းမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး၊ တိုက်ကွမ်ဒို အားကစားနည်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကနူး/ကယက်လှေလှော် အားကစားနည်းမှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ငါးဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ အဖွဲ့တို့ လိုက်ပါသွားသည်။

အဆိုပါ အားကစားအဖွဲ့များကို အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများက ပို့ဆောင်နှုတ်ဆက်ကြသည်။

"ကျွန်မတို့ ၁၆ ရက်နေ့မှာ ကကွက်ပြိုင်ပွဲအကုန်လုံး ဖိုင်နယ်အထိ ပြိုင်မယ်။ တစ်ခါတည်း အဖြေထွက်မယ်ပေ့ါ။ အတိုက်ပြိုင်ပွဲကတော့ မေ ၁၇ ရက် စတင်မှာပါ။ ဆုတံဆိပ်မျှော်မှန်းမှု အနေနဲ့တော့ လောလောဆယ်မှာ ကကွက် တစ်ခု၊ အတိုက်တစ်ခုတော့ မှန်းထားပါတယ်" ဟု မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့မှ အုပ်ချုပ်သူ ဒေါ်ဝါဝါထွန်းက ပြောသည်။

အဆိုပါတိုက်ကွမ်ဒိုအားကစား ကကွက်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲ၊ အတိုက်ပြိုင်ပွဲတွင် အမျိုးသား -၆၃၊ -၆၈၊ -၇၄၊ -၈၀၊ -၈၇ ကီလိုတန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ဗီယက်နမ်  မေ ၁၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ My Dinh National Stadium ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ သမ္မတ Nguyễn Xuân Phúc က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဖွင့်လှစ်ကြောင်း ကြေညာပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။






ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်းနှင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်ရန် အုပ်စုနောက်ဆုံးပွဲ အင်ဒိုနီးရှားနှင့် အနိုင်ကစားရတော့မည်

**ရန်ကုန် မေ ၁၃**

(၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို မေ ၁၃ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင် ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**အနိုင်ကစားရမည်**

လက်ရှိ ချန်ပီယံအသင်းဖြစ်သလို အိမ်ရှင်အသင်းလည်းဖြစ်သည့် ဗီယက်နမ်အသင်းသည် မြန်မာကို အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အုပ်စုနောက်ဆုံးပွဲအဖြစ် အင်ဒိုနီးရှားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အနိုင်ကစားရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် တီမော၊ ဖိလစ်ပိုင်တို့နှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်သာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ အောင်ဝဏ္ဏစိုး၊ ရန်ကျော်စိုး၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ ရဲလင်းထက်၊ ဇော်ဝင်းသိန်း၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ရှင်ဗီယက်နမ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြန်မာအသင်းသည် ခံစစ်အမှားမရှိစေရန် အဓိကထားကစားကာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ပိုဖိကစားနိုင်သော်လည်း မြန်မာအသင်းက ခံစစ်တွင် အဆင့်ဆင့်ပိတ်ဆို့ကစားခဲ့သဖြင့် ဗီယက်နမ်အသင်း ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်းက မောင်မောင်လွင်နှင့် ဟိန်းထက်အောင်ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဗီယက်နမ်အသင်းကလည်း ဂိုးရရန် တိုက်စစ်အသားပေးပုံစံဖြင့် ဆက်လက်ကစားခဲ့သည်။ ၇၅ မိနစ်တွင် ဗီယက်နမ်အသင်းက ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် ဒိုဟောင်ထရောင်ဒေါင်က သွင်းယူခဲ့သည်။

**အင်ဒိုနီးရှားနိုင်**

အုပ်စု (က) အခြားပွဲတွင် အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်စီရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အပြိုင်ဖြစ်နေသည်။ ပွဲကုန် လေးပွဲကစား လေးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်း၊ သုံးပွဲကစား ရမှတ်မရသေးသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**



မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ – VFF

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

31st SEA GAMES HA NOI 2021

၁၃-၅-၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၂၄ | ၁၃ | ၂၃ | ၆၀ |
| ၂ | မလေးရှား | ၁၁ | ၅ | ၁၃ | ၂၉ |
| ၃ | အင်ဒိုနီးရှား | ၆ | ၉ | ၂ | ၁၇ |
| ၄ | ထိုင်း | ၅ | ၆ | ၁၈ | ၂၉ |
| ၅ | ဖိလစ်ပိုင် | ၃ | ၁၀ | ၁၂ | ၂၅ |
| ၆ | စင်ကာပူ | ၂ | ၆ | ၇ | ၁၅ |
| ၇ | မြန်မာ | ၂ | ၁ | ၅ | ၈ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၂ | ၄ | ၇ |
| ၉ | လာအို | ၀ | ၁ | ၃ | ၄ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |

# ဆီးဂိမ်းဘော်လီဘောပြိုင်ပွဲ ပထမနေ့တွင် မြန်မာနှင့် အင်ဒိုနီးရှား ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမနေ့ကို မေ ၁၃ ရက်က စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် လက်ရှိချန်ပီယံ အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရပြီး သုံးပွဲပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၂-၂၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၇-၂၅ မှတ်၊ တတိယပွဲငယ်တွင် ၁၉-၂၅ မှတ်တို့ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲများနှင့် အဆက်ပြတ်နေသည့် မြန်မာဘော်လီဘောအသင်းသည် အဖွင့်ပွဲအဖြစ် လက်ရှိချန်ပီယံ အင်ဒိုနီးရှားနှင့် ကစားခဲ့ရသဖြင့် ရှုံးကန်ခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းအမျိုးသား ဘော်လီဘောပြိုင်ပွဲကို အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) တွင် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၁၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်**

# မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယက်မကျေးရွာ စာသင်ကျောင်းအတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်နေမှုများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ယက်မကျေးရွာရှိ စာသင်ကျောင်းအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်နေထိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့မှုများကို ယနေ့ညနေပိုင်းတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်ယက်မကျေးရွာရှိ စာသင်ကျောင်းအတွင်း အခြေပြုနေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ စီစဉ်လုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အခြေခံပညာအထက်တန်းကျောင်း(လက်ယက်မ)အတွင်းသို့ သွားရောက်စစ်ဆေးစဉ် မသင်္ကာဖွယ်ရာ အမျိုးသားသုံးဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရန်ခေါ်ယူခဲ့ရာ ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး အဆိုပါကျောင်းအတွင်း အသေးစိတ် စစ်ဆေးခဲ့ရာ လက်လုပ်သေနတ် ၃၁ လက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်ရှော့တိုက်ဒုံး ၁၂ လုံး၊ လက်လုပ်မိုင်း ၁၀ လုံး၊ လက်လုပ်သေနတ်ပြုလုပ်ဆဲ ၁၀ လက်၊ လက်လုပ်မိုင်းပြုလုပ်ဆဲ ၇၂ လုံး၊ လက်လုပ်ဗုံးသီးမျိုးစုံ ၁၅ လုံး၊ ယမ်းမှုန့် ၅၀ သားခန့်ရှိ ၁၇ ထုပ်၊ မီးစက် ၃၅ ကောင် နှစ်လုံး အပါအဝင် လက်လုပ်လက်နက်ခဲယမ်းများ ပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့် မော်တော်ဆိုင်ကယ်နှစ်စီးနှင့် အမျိုးသားအလောင်းသုံးလောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော စာသင်ကျောင်းများအတွင်း အကာအကွယ်ရယူကာ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့်အပြင် အကြမ်းဖက်မှုများပြုလုပ်ရန်အတွက် တရားမဝင်လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ပြုလုပ်နေခြင်းသည် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးခြင်းဖြစ်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အရေးယူမှုများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်မှုများကြောင့် ပုလဲမြို့ မြသိန်းတန်ကျောင်းတိုက်ရှိ ကိုရင် တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့အတွင်း ယနေ့ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းကြောင့် မြသိန်းတန် ကျောင်းတိုက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကိုရင်တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါး နှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ဇီးဖြူကုန်းကျေးရွာ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် မေ ၁၀ ရက်တို့တွင် လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခုခံကာကွယ်မှုများကြောင့် ၎င်းတို့အထိနာကာ ဆုတ်ခွာထွက်ပြေးခဲ့ရမှုအပေါ် မကျေနပ်ခဲ့သည့်အတွက် ယနေ့ညနေပိုင်းတွင် ပုလဲမြို့ပေါ်သို့ လက်လုပ်စိန်ပြောင်းများဖြင့် ဦးတည်ရာမဲ့ ရမ်းသန်းပစ်ခတ်မှုများကြောင့် ဘုန်းတော်ကြီးကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကိုရင် တစ်ပါး ပျံလွန်တော်မူပြီး ဆရာတော် နှစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကပ္ပိယ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရ ဆရာတော်များ၊ ကိုရင်နှင့် ကပ္ပိယတို့အား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ကောလိပ်များဖွင့် ကျောင်းသား ကျောင်းသူများအား နွေးထွေးလှိုက်လှဲစွာ ကြိုဆို

**နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကောလိပ်နှင့် ဒီဂရီကောလိပ်၌ သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင် ကြိုဆိုပွဲ များ ကျင်းပပေးလျက်ရှိသည်။**

### လားရှိုး

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ်နှင့် တက္ကသိုလ်များကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

လားရှိုးပညာရေးဒီဂရီကောလိပ်တွင် လေးနှစ်သင်ပညာရေးဘွဲ့ ပထမနှစ်( ပထမနှစ်ဝက်) နှင့် ပထမနှစ် (ဒုတိယနှစ်ဝက်) အတန်းများ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လေးနှစ်သင် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းတွင် ၈၂ ဦး၊ လေးနှစ်သင် ပထမနှစ် (ဒုတိယနှစ်ဝက်) သင်တန်းတွင် ၆၃ ဦး တက်ရောက်လျက်ရှိသည်။

ထို့အတူ လားရှိုးပညာရေးဒီဂရီကောလိပ်၌ ဧပြီ ၂၀ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ပညာရေးဘွဲ့ ( B.Ed စာပေးစာယူ) အမှတ်စဉ် ၁/၂၂ သင်တန်းတွင် သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၃၀၈ ဦး စုစုပေါင်း ၃၃၁ ဦး တက်ရောက် ပညာသင်ကြားနေကြကြောင်း သိရသည်။

လားရှိုးနည်းပညာတက္ကသိုလ်တွင်လည်း ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ ပထမနှစ်ဝင်ခွင့်ရသင်တန်းများ၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ လက်ကျန် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်သင်တန်းများ၏ ဒုတိယနှစ်ဝက်အတန်းများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နောက်ဆုံးနှစ် သင်တန်းများအား မေ ၁၂ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဘာသာရပ်ဌာနမှူးများက ဘာသာရပ်ဆိုင်ရာများရှင်းလင်းပြောကြားခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ အလားတူ လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ်၊ လားရှိုးကွန်ပျူတာတက္ကသိုလ်တို့တွင်လည်း ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေကြပြီဖြစ်ကြောင်း သိရသည်။

**စိုင်းထွန်း (လားရှိုး)**

### ကသာ

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကသာပညာရေးဒီဂရီကောလိပ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်း (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်) ကို မေ ၁၂ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်သင်ကြားသည်။

ကသာပညာရေးဒီဂရီကောလိပ်၌ သင်ကြားရေး ဆရာ ဆရာမ ပေါင်း ၃၆ ဦးရှိပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်း (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)တွင် စာရင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၁၆၄ ဦးဖြစ်ကာ မေ ၁၂ ရက်တွင် ကျောင်းသား ကျောင်းသူပေါင်း ၃၃ ဦး စတင်တက်ရောက်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရှမ်းပြည်နယ်၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များပေးအပ်

**တောင်ကြီး မေ ၁၃**

ရှမ်းပြည်နယ် လူမှုဖူလုံရေးရုံးက ကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးသူ အာမခံအလုပ်သမား မိသားစုအား ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံ ဒေါ်တင်တင်အောင်က လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးသွားရသော အင်းဝဘဏ် ကုမ္ပဏီလီမိတက် (တောင်ကြီးဘဏ်ခွဲ)မှ အာမခံအလုပ်သမား ဦးထွန်းနိုင်ဦး၏ အကျိုးခံစားခွင့် ငွေကျပ် ၇၂ သိန်းကို ဇနီးဖြစ်သူ ဒေါ်လှဲ့ဝေဖြိုးထံသို့ လည်းကောင်း **(အပေါ်ပုံ)**၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးသောင်းက အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသော ကမ္ဘောဇဘဏ်လီမိတက် (ပင်းတယဘဏ်ခွဲ) မှ အာမခံအလုပ်သမား ဒေါ်ခက်ခက်ဝေ၏ အကျိုးခံစားခွင့် ငွေကျပ်သိန်း ၆၀ ကို ခင်ပွန်းဖြစ်သူ ဦးအာကာမင်းထံသို့ လည်းကောင်း ပေးအပ်ခဲ့ပြီး မိသားစုဝင်များနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အခမ်းအနားတွင် ပြည်နယ်တာဝန်ခံ ဒေါ်တင်တင်အောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများ၊ အကျုံးဝင်အလုပ် ဌာနများမှ အလုပ်ရှင်များနှင့် အလုပ်သမား စုစုပေါင်း ၅၀ တက်ရောက်ကြောင်း သိရသည်။

**တောင်ကြီး(ကိုယ်ပွား)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ဈေးသစ်ရပ်ကွက်နေ ပီတာဗန်လာလ်ဟရွှေ(ခ) ပီတာသည် ၎င်းအသုံးပြုသည့် “Peter” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ် အမှတ်(၇)ရပ်ကွက်နေ စိုင်းနေလင်းသည် ၎င်းအသုံးပြုသည့် “Sai Nay Lin” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နေ စန်းမင်းသူ(ခ)မင်းမင်း၊ မျိုးနိုင်လင်း(ခ)ဖိုးပိန်တို့သည် ၎င်းတို့အသုံးပြုသည့် “Min Min” Facebook အကောင့်၊ “Myo Naing Linn” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နေ နီကိုရဲသည် ၎င်းအသုံးပြုသည့် “Ni Ko Ye” Facebook အကောင့်၊ တာချီလိတ်မြို့နယ်နေ မေဇွန်(ခ)ကရင်မသည် ၎င်းအသုံးပြုသည့် “May Zon” Facebook အကောင့်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် ငါးဘက်ကြီးကျေးရွာနေ ယမင်းဖွေးသည် ၎င်းအသုံးပြုသည့် “Yamin Phwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အကြမ်းဖက်သူအမျိုးသားနှစ်ဦး ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ဦးကျော်ငြိမ်းနှင့် ဦးချန်နူးတွင် ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဦးချန်နူး(သေဆုံး)



ဦးကျော်ငြိမ်း(သေဆုံး)

## ရေဖြူနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် ည ၈ နာရီတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီး ရေး-ထားဝယ် ကားလမ်းရှိ မလွဲတောင်ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် Scania အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ရင်းမိုးရပ်ကွက်ရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် Hiace အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၈ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မလှဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။






အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဖုန်ကန်ရာဇီရေခဲတောင်ခြေဒေသထွက်ကုန်များကို နည်းပညာနှင့်ပေါင်းစပ်၍ စနစ်တကျထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေတိုးတက်လာစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်

ပူတာအို မေ ၁၃

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင်ခြေ ဇီယာဒမ်း ကျေးရွာ ဒေသခံလူငယ်များ၏ တောင်းဆိုချက်အရ ဒေသထွက်ကုန်များကို နည်းပညာများနှင့်ပေါင်းစပ်ကာ စနစ်တကျထုတ်လုပ်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေတိုးတက်ရရှိလာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများကို ဇူလိုင်လမှစတင်၍ ခြောက်လကြာ မြစ်ကြီးနားမြို့ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။


တရုတ်ဟင်းမွေးမဆလာထုတ်လုပ်ရန် စိုက်ပျိုးထားသော ရှာကောပတ်ကောပင်။

"ဖုန်ကန်ရာဇီရေခဲတောင်ခြေမှာရှိတဲ့ ဇီယာဒမ်းကျေးရွာလူငယ်တွေရဲ့တောင်းဆိုချက်အရ အဲဒီကျေးရွာဟာ ရေခဲတောင်ခြေမှာရှိတဲ့အတွက် ပြည်တွင်းပြည်ပခရီးသွားတွေ အမြဲလာရောက်တဲ့ဒေသဖြစ်ပါတယ်။ အဲဒါကြောင့် ဒေသထွက်လူသုံးကုန်၊ စားသောက်ကုန်နဲ့ ရိုးရာလက်မှုထည်တွေ ခရီးသွားအမှတ်တရလက်မှုထည်တွေ ထုတ်လုပ်မှုနည်းပညာရရှိသွားရင် တစ်ဦးချင်း မိသားစုဒေသအတွက် ဝင်ငွေတိုးတက်ရရှိလာမှာဖြစ်တဲ့အတွက် ဒီနည်းပညာတွေကို တတ်အောင်သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မောင်းက ပြောသည်။

သင်တန်းတွင် ရက်ကန်း၊ စက်ချုပ်၊ သဘာဝဆိုးဆေးနှင့် ခရီးသွားအမှတ်တရလက်မှုထည်ထုတ်လုပ်မှုနည်းပညာများကို သင်ကြားပေးသွားမည်ဖြစ်ပြီး အဆိုပါဒေသတွင် ရှီးပတီး၊ သစ်ကြားသီး၊ ရှာကောပတ်ကော၊ မက်မန်း၊ မက်မွန်၊ ဒယ်ဒီး၊ မန်ကိုသီး၊ တောင်ဇလပ်နှင့် သစ်ခွမျိုးစုံထွက်ရှိသောဒေသဖြစ်သည်။

"ဖုန်ကန်ရာဇီရေခဲတောင်ဟာ အိန္ဒိယနဲ့ မြန်မာနိုင်ငံ နယ်စပ်ဒေသရေခဲတောင်ဧရိယာ ဖြစ်ပါတယ်။ ဒေသခံပြည်သူအများစုမှာ မိရိုးဖလာတောင်ယာလုပ်ငန်း၊ အမဲလိုက်ခြင်းနဲ့ ဒေသထွက်သီးနှံတွေကို ထုတ်လုပ်ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုကြပေမယ့် ရေရှည်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒီပညာတွေကို တတ်သွားရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်လာဖို့ ဒေသခံလူငယ်တွေက သင်တန်းတောင်းခံလာခြင်းဖြစ်ပါတယ်"ဟု ပြည်နယ်ဦးစီးမှူးက ပြောသည်။


ဒေသထွက် ဆေးဖက်ဝင် ရှီးပတီး။

အဆိုပါ ခရီးသွားအမှတ်တရပစ္စည်းထုတ်လုပ်ရန် ကြိမ်၊ ဝါး လက်မှုထည်လုပ်ငန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းလုပ်ငန်း၊ စက်ချုပ်၊ ဆိုင်ကယ်ပြုပြင်နည်းသင်တန်းများကို စဉ်ဆက်မပြတ်ပို့ချပေးပါက မကြာမီ ဒေသခံပြည်သူများ လိုလားသည့် လူသားအရင်းအမြစ်နှင့်နည်းပညာများပေါင်းစပ်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွံ့ဖြိုးလာ၍ ဒေသ၏သဘာဝထွက်ကုန်အလွန်အကျွံမှီခိုအားထားခြင်း လျော့နည်းလာမည်ဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပေကျင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် ဒေသခံများကို နေအိမ်များတွင် သုံးရက်ကြာနေထိုင်ရန် တိုက်တွန်း

**ပေကျင်း မေ ၁၃**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းရန် တင်းကျပ်သည့် ဆောင်ရွက်ချက်တစ်ခုအနေဖြင့် ပေကျင်းအာဏာပိုင်များက ဒေသခံများကို မေ ၁၃ ရက်မှစပြီး သုံးရက်ကြာနေအိမ်များတွင် နေထိုင်ကြရန် တိုက်တွန်းလိုက်သည်။

ပေကျင်းတွင် မေ ၁၂ ရက်က လက္ခဏာမပြသည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအပါအဝင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀ ရှိကြောင်း ပေကျင်းအာဏာပိုင်များက ပြောကြားခဲ့သည်။ ဧပြီ ၂၂ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၀၀ ကျော်ရှိလာပြီဖြစ်သည်။

နေအိမ်တွင်းနေထိုင်ရန် ဆောင်ရွက်ချက်သည် ပေကျင်းမြို့တွင်း၌ လူသွားလူလာစည်ကားများပြားခြင်းကို လျှော့ချရန် ရည်ရွယ်သည်။

စီးပွားရေးဝန်ဆောင်မှုပေးရာ နေရာများနှင့် အစိုးရအဆောက်အအုံများသို့ ဝင်ရောက်မည့်သူများအတွက် ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးထားသည့် ပီစီအာရ်စစ်ဆေးမှုရလဒ်များကို ပြသရမည်ဖြစ်သည်။

စားသောက်ဆိုင်များတွင် အစားအသောက်များမှာယူစားသောက်ခြင်းများကို တားမြစ်ထားသည်။ မေ ၁၃ ရက်တွင် ပေကျင်းလမ်းများပေါ်တွင် လူသွားလူလာကင်းစင်လျက်ရှိသည်။

မေ ၁၂ ရက်က ပြည်သူများသည် အစားအသောက်များကို စုပုံဝယ်ယူရန် စတိုးဆိုင်များတွင် အလုအယက် တိုးဝှေ့နေကြသည်။

အင်န်အိတ်ချ်ကေ



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် နှစ်ပေါင်းသန်း ၄၀၀ ကျော် သက်တမ်းရှိ ပင်လယ်ကင်း၏ ကျောက်ဖြစ်ရုပ်ကြွင်းအသစ်ကို ရှာဖွေတွေ့ရှိ

**ကူမင်း မေ ၁၃**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ရှင်းချောင်ကောင်တီ၌ နှစ်ပေါင်းသန်း ၄၀၀ ကျော် ကာလအတွင်း ပင်လယ်ကင်း၏ ကျောက်ဖြစ်ရုပ်ကြွင်း အသစ်တစ်ခုကို တရုတ်နိုင်ငံ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သိပ္ပံအကယ်ဒမီနှင့် ရှီအန်းဘူမိဗေဒလေ့လာရေး စင်တာအောက်ရှိ နန်ကျင်းဘူမိဗေဒနှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပညာရပ်ဆိုင်ရာအဖွဲ့အစည်းမှ သုတေသီများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မကြာသေးမီက မဲလီယိုဝေ့ါ အကယ်ဒမစ်ဂျာနယ်တစ်ခုတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပင်လယ်ကင်း၏ ကျောက်ဖြစ်ရုပ်ကြွင်းမှာ မျိုးစိတ် ၁၇ မျိုးနှင့် မျိုးရိုး ၁၅ မျိုးပါဝင်ပြီး မျိုးစိတ်လေးမျိုးမှာ အသစ်များဖြစ်ကြောင်း ပီကင်းတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သည့် ဝေရှင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ရှာဖွေတွေ့ရှိမှုမှာ နှစ်ပေါင်း သန်း ၄၀၀ ကျော် ကာလအတွင်း တရုတ်နိုင်ငံ တောင်ပိုင်းရှိ အဏ္ဏဝါသက်ရှိများအား စူးစမ်းလေ့လာရန် သုတေသီများကို ကြီးမားသည့်အခွင့်အလမ်း တစ်ခုပေးလိမ့်မည် ဖြစ်ကြောင်း သိပ္ပံပညာရှင်က ပြောကြားခဲ့သည်။




ယူနန်ပြည်နယ်၌ နှစ်ပေါင်းသန်း ၄၀၀ ကျော် သက်တမ်းရှိ ပင်လယ်ကင်း၏ ကျောက်ဖြစ်ရုပ်ကြွင်း။

နှစ်ပေါင်း သန်း ၄၀၀ ကျော် ကာလအဆုံး အစုလိုက်အပြုံလိုက် မျိုးသုဉ်းခြင်းမတိုင်မီက တရုတ်နိုင်ငံတောင်ပိုင်း၌ ရွှေ့ပြောင်းအခြေချမှုဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း ပင်လယ်ကင်းမျိုးစိတ်များ၏ ပျံ့နှံ့မှုအပေါ် အခြေခံ၍ ကောက်ချက်ချနိုင်ကြောင်း ဝေက ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု ၂၀၂၂ ခုနှစ်တွင် ၆ ရာခိုင်နှုန်း တိုးတက်လာဖွယ်ရှိ

**ဟန်နွိုင်း မေ ၁၃**

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ) သည် ၂၀၂၂ ခုနှစ်တွင် ၆ ရာခိုင်နှုန်း တိုးတက်လာနိုင်ဖွယ်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ကို ကိုးကား၍ ဗီယက်နမ်သတင်း အေဂျင်စီက မေ ၁၃ ရက်တွင် ပြောကြားသည်။

သို့သော်လည်း ဗီယက်နမ်နိုင်ငံတော်ဘဏ်က သတ်မှတ်ထားသော ရာခိုင်နှုန်းထက် လျော့နည်းဖွယ်ရှိကြောင်း ဗီယက်နမ်နိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် ဖရန်ဆွာစ် ပင်ချုံကို ကိုးကား၍ သတင်းအေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများကို ကူညီထောက်ပံ့ရန် မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ) သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ၂ ဒသမ ၅၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ ၂၀၂၂ ခုနှစ် ပထမသုံးလပတ်အတွင်း ၅ ဒသမ ၀၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံး၏ မှတ်တမ်းများအရ သိရသည်။

ဆင်ဟွာ

## ဩစတြေးလျ၌ နိုင်ငံတကာခရီးသွားဝင်ရောက်မှု နှစ်နှစ်ကျော်ကာလတွင်း အမြင့်ဆုံးရောက်လာ

**ဆစ်ဒနီ မေ ၁၃**

နယ်စပ်ဂိတ်များ ဖွင့်လှစ်မှုနှင့်အတူ ဩစတြေးလျနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နှစ်နှစ်ကျော် ကာလအတွင်း နိုင်ငံတကာခရီးသွားများ ပထမဆုံးအကြိမ် ဝင်ရောက်လာမှုကို စတင်မြင်တွေ့လာရပြီဖြစ်သည်။ ထို့ကြောင့် ဩစတြေးလျ ခရီးသွားကောင်စီ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ပီတာရှယ်လီက မသေချာမရေရာသည့် ကာလရှည်တစ်ခု အဆုံးသတ်စ ပြုလာခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ရှယ်လီက စီးပွားရေးလုပ်ငန်းအများစုသည် ဝင်ငွေမျှော်လင့်ချက်မရှိဘဲ နှစ်နှစ်ကြာ ကျပ်တည်းသည့် အခြေအနေများကို ကြံ့ကြံ့ခံခဲ့ရကြောင်း ပြောကြားသည်။ ဩစတြေးလျ စာရင်းအင်းဗျူရို၏ ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ ဩစတြေးလျနိုင်ငံ၏ နိုင်ငံတကာ ခရီးသွားများသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း ၎င်းတို့၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့ကြောင်း၊ မတ်လတွင် နိုင်ငံ၏နယ်စပ်မပိတ်မီတွင် ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် ၆၄၇၀၀၀ ခန့် ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ် ဧပြီလတွင် ဩစတြေးလျသို့ ခရီးသွားဧည့်သည် ၅၇၅၅၃၀ ရောက်ရှိလာခဲ့ပြီး ပြီးခဲ့သည့်လကထက် ၂၀၀၀၀၀ ပိုများလာကြောင်း သိရသည်။

ဆင်ဟွာ




ဆစ်ဒနီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော ခရီးသွားများအား ကြိုဆိုနေမှုကို တွေ့ရစဉ်။

## နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ် ၃၂ ခု၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေး

**လာဂို့စ် မေ ၁၃**

နိုင်ဂျီးရီးယားနိုင်ငံရှိ အနည်းဆုံးပြည်နယ် ၃၂ ခုနှင့် ဒေသန္တရအစိုးရနယ်မြေ ၂၃၃ ခုတွင် လက်ရှိမိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်နိုင်ကြောင်း ရေအရင်းအမြစ်ဝန်ကြီးဌာနက မေ ၁၂ ရက်က ပြောကြားခဲ့သည်။

ဧပြီလမှ နိုဝင်ဘာလကြားတွင် ရေလွှမ်းမိုးနိုင်ခြေရှိသောဒေသများ၌ ရေကြီးမှုမှာ လူဦးရေ၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ မွေးမြူရေး၊ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုများမည်ဟု မျှော်လင့်မိကြောင်း ရေအရင်းအမြစ်ဝန်ကြီး ဆူလိုင်မန် အဒက်မူက ပြောကြားခဲ့သည်။

နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် လာဂို့စ်မြို့သည် ကြီးမားသော ရေကြီးရေလျှံမှုဒဏ်ကို ကြုံတွေ့ရလေ့ရှိကြောင်း အဘူဂျာမြို့တွင် နိုင်ဂျီးရီးယား ဇလဗေဒဝန်ဆောင်မှုအေဂျင်စီ (NIHSA) က စီစဉ်ကျင်းပသော အစည်းအဝေးတစ်ခုတွင် အဒက်မူက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်းနေပြည်သူများ နေရပ်ပြန်ခြင်းနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများ မြန်ဆန်ထိရောက်စွာ ဆောင်ရွက်

မြစ်ကြီးနား မေ ၁၃

**ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်းနေပြည်သူများ နေရပ်ပြန်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများ မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာများနှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်းနေပြည်သူများ နေရပ်ပြန်လည်နေရာချထားခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးဖြင့် ပေါင်းစပ်စီမံဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ နီပွန်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ထိရောက်မြန်ဆန်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက ပြည်နယ်အတွင်း နီပွန်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်ပြည်သူများအတွက် နေရပ်ပြန်လည်နေရာချထားခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် တန်ဖိုးနည်းနေအိမ်များအသစ်တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်အတွင်း ဝေးလံခက်ခဲသည့် ခေါင်လန်ဖူးဒေသ၊ ဆော့လော်ဒေသအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပေးသည်။

ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာလှိုင်လှိုင်ဌေးနှင့် လူမှုပရဟိတအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့၏ စီမံထောက်ပံ့မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြေပြန့်ဒေသများသာမက တောင်ပေါ်ဒေသများတွင်ပါ လွှမ်းခြုံထိုးနှံပေးနိုင်ရေး ဝေးလံခက်ခဲသည့် ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်များအပါအဝင် အင်ဂျန်းယန်မြို့နယ်၊ ဗန်းမော်ခရိုင်နှင့် တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နယ်မြေအခြေအနေအရသော်လည်းကောင်း၊ ဝေးလံပြီးသွားလာရခက်ခဲသည့် တောင်ပေါ်ဒေသများတွင်လည်းကောင်း အခက်အခဲအသီးသီးကို ရင်ဆိုင်ဖြတ်ကျော်ကာ စေတနာအပြည့်အဝဖြင့် ယခုလိုဆောင်ရွက်ခဲ့ကြသူများကို မိမိတို့အနေဖြင့် ဂုဏ်ပြုထိုက်သူများကို အသိအမှတ်ပြု ဂုဏ်ပြုပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးလုပ်ငန်းတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ ငါးမွေးကန်သုံးပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ ဂိမ်းစက်များ၊ စကျင်ကျောက်ပြားချပ်များနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဂွမြို့နယ်အတွင်း တရားမဝင် တောင်သရက်ခွဲသား (၃ ဒသမ ၂၀၀၆) တန် (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၂၂၄၀၄၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ငါးမွေးကန်သုံးပစ္စည်းများ၊ ယန္တရားအပိုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် ဂိမ်းစက်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၁၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၁၇၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စကျင်ကျောက်ပြားချပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၁၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ (၇ ဒသမ ၆၆၂၀)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၃၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကသာခရိုင် အင်းတော်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ဆိုဒ်စုံ (၁ ဒသမ ၀၃၆၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၀၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၅၄၆၄၂၂ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၁၃**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နေ မXXXX (၁၃ နှစ်) သည် ၂၀၁၈ ခုနှစ် မတ်လက ၎င်းအလုပ်လုပ်ကိုင်နေသည့် လားရှိုးခေါက်ဆွဲဆိုင်သို့ မိခင်ဖြစ်သူ၏ သူငယ်ချင်းဖြစ်သူ မမိုးသူ(ခ)သော်သော်ဦး (၅၂ နှစ်) (ဘ)ဦးမောင်ချူးအလယ်ကုန်းရပ်ကွက် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်နေသူ ရောက်ရှိလာပြီး ၎င်းနှင့်အတူ တရုတ်နိုင်ငံတွင် ဈေးရောင်းသည့်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်ငါးသိန်းကျော်ခန့်ရရှိမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ခေါ်ဆောင်သွားကာ တရုတ်လူပွဲစားအမျိုးသမီး(အမည်မသိ)နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှီတုန်းခရိုင် အဲ့တင်မြို့ ဆာထန်ခန်းကျေးရွာ အုပ်စု (၄)နေ တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေရဲစခန်း(ပ)၁၃/၂၀၂၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ ဖြင့် အမှုရေးဖွင့်၍ မိုးညှင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မိုးသူ(ခ)သော်သော်ဦးကို မေ ၁၂ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄ အရ ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဦးဆောင်ဂိုးရယူပေးခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်း တိုက်စစ်ကစားပုံမှာ လိုအပ်ချက်များရှိနေသဖြင့် ချေပဂိုးပြန်မသွင်းနိုင်ဘဲ ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန်ကြိုးပမ်းခဲ့သဖြင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ထိုင်းအသင်းက ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် မြန်မာအသင်း သက်သာခဲ့ရသည်။ ၇၆ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက သရေရလဒ်ကို ထိန်းကစားခဲ့ပြီး ပွဲပြီးခါနီးတွင် ထိုင်းအသင်း အပိုင်ကန်သွင်းခွင့်ရသော်လည်း မြန်မာဂိုးသမား မေဇင်နွယ် ကာကွယ်နိုင်သဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ဒုတိယနေ့အပြီးတွင် မြန်မာနှင့် ထိုင်းအသင်းက လေးမှတ်စီ၊ စင်ကာပူအသင်းက သုံးမှတ်ရထားပြီး လာအိုအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၈–၄–၂၀၂၂ ရက်နေ့မှ ၁၃–၅–၂၀၂၂ ရက်နေ့အထိ ပြည်တွင်း/ ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ ဒသမ ၂၀၀ သန်း ဖြစ်သည်။ ၁၃–၅–၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၈–၄–၂၀၂၂ ရက်ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၂,၅၅၆,၆၈၈,၆၉၂.၅၃ |
| (+) ၁၈–၄–၂၀၂၂ မှ ၁၃–၅–၂၀၂၂ ရက်အထိ ရရှိငွေ | ၂၀၀,၀၀၀.၀၀ |
| ၁၃–၅–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၂,၅၅၆,၈၈၈,၆၉၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၈–၄–၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂,၂၆၈,၃၄၉.၅၃ |
| (+) ၁၈–၄–၂၀၂၂ မှ ၁၃–၅–၂၀၂၂ ရက်နေ့ထိ ရရှိငွေ | – |
| ၁၃–၅–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂,၂၆၈,၃၄၉.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA–013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၈–၄–၂၀၂၂ ရက်နေ့မှ ၁၃–၅–၂၀၂၂ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၉–၄–၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဦးမျိုးမြင့်မောင်+ ဒေါ်ခင်မြတ်မြတ်ထွေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| | | |
| | ၁၂–၅–၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဒေါ်ခင်သီစံ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| | | |
| | (၁၈–၄–၂၀၂၂ ရက်နေ့မှ ၁၃–၅–၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၂၀၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# မေ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀ ဒသမ ၂၈) ရာခိုင်နှုန်းရှိ

**(၁၃–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၁၂–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၆၈,၂၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၀၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၂၅) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၃) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၈၅) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၀၈) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၆၄) ခု | (၁၅) ဦး |
| **စုစုပေါင်း** | **(၉,၈၄၈) ခု** | **(၂၈) ဦး** |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ

**မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို ၂၀၂၂ ခုနှစ် မေ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရန် ကြိုတင်ပြင်ဆင်နေကြလေပြီ။**

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင်သမိုင်းဝင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လေးနှစ်လျှင် ညီလာခံတစ်ကြိမ် ကျင်းပရသည့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ရုံးချုပ်၌ ကျင်းပနိုင်ခဲ့သည်။ ညီလာခံတစ်ခုနှင့် တစ်ခုအကြား နှစ်နှစ်လျှင် တစ်ကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပရမည်ဖြစ်ရာ ပထမအကြိမ်ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို အသင်းဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပနိုင်ရန် စီစဉ်ထားသော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ကြောင့် အခက်အခဲအကျပ်အတည်းမျိုးစုံနှင့် ကြုံတွေ့ခဲ့ကြရပြီး လုပ်ငန်းစဉ်များအားလုံးကို မလွဲမရှောင်သာဘဲ ရပ်ဆိုင်းနေခဲ့ကြရသည်။

ယခုတော့ ကိုဗစ်ရောဂါအခြေအနေ အေးငြိမ်းသွားသောကြောင့် လူစုလူဝေးအစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခွင့် ရှိလာသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို အားသစ်မွေး ကြိုးစားပြီး ကျင်းပနိုင်ရန် စီစဉ်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ မူလဘူတအခြေခံမိခင်မှာ "စာပေလုပ်သားအဖွဲ့" ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်း နောက်ပိုင်းတွင် စာပေလုပ်သားအဖွဲ့ကို အခြေခံပြီး ပြင်ဆင်ဖွဲ့စည်းခဲ့သော "စာပေနှင့် စာနယ်ဇင်းအဖွဲ့" ပေါ်ပေါက်လာခဲ့ပါသည်။ ဒီမိုကရေစီခေတ်သို့ ကူးပြောင်းလာသောအခါ ခေတ်စနစ်နှင့်အညီ "မြန်မာနိုင်ငံ စာရေးဆရာအသင်း"ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

### စာရေးဆရာများအသင်း

တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်းဟူသော ဝေါဟာရကို ၂၀၁၂ ခုနှစ်ကျမှ သုံးစွဲခဲ့ခြင်းဖြစ်သော်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံစာရေးဆရာအသင်း" (စာရေးဆရာများအသင်း)ကို ၁၉၄၀-၄၁ ခုနှစ်က ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းစဉ်ကတည်းက စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။

စာရေးဆရာများအသင်းကို ၁၉၄၀-၄၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒီးဒုတ်ဦးဘချို၊ ၁၉၄၃-၄၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိမ်းမောင်၊ ၁၉၄၅-၄၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဂျာနယ်ကျော် ဦးချစ်မောင်၊ ၁၉၄၆-၄၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၄၇-၄၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဆရာ မြို့မမောင်၊ ၁၉၄၈-၄၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် မဟာဆွေ၊ ၁၉၄၉-၅၀ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးတင့်ဆွေ၊ ၁၉၅၀ ပြည့်နှစ်တွင် ဆရာမကြီး ဂျာနယ်ကျော် မမလေး၊ ၁၉၅၀-၅၁ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်တာရာ၊ ၁၉၅၁-၅၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရွှေပိန်သောင်း၊ ၁၉၅၂-၅၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၅၄-၅၅ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးထင်ဖတ်(ဆရာမောင်ထင်)၊ ၁၉၅၅-၅၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်၊ ၁၉၅၆-၅၇ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၅၈-၅၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဇဝန၊ ၁၉၆၁-၆၂ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်၊ ၁၉၆၂-၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်ဘဆွေ၊ ၂၂ နှစ်အတွင်း အသင်းဥက္ကဋ္ဌ ၁၄ ဦး အလှည့်ကျတာဝန်ထမ်းဆောင်ခဲ့ကြသည်။ "၁၉၅၇-၅၈ ခုနှစ်တွင် စာရေးဆရာအသင်း၏ နာယကများမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ဝန်ကြီးချုပ်ဦးနု" တို့ ဖြစ်ကြသည်။

ထိုသို့တာဝန်ထမ်းဆောင်ခဲ့ကြရာတွင် စာဆိုတော်နေ့ အထိမ်းအမှတ်များအဖြစ် ဝိဇယပြဇာတ်၊ ဦးပေါ်ဦး ပြဇာတ်၊ ခုံတော်မောင်ကျဘမ်းပြဇာတ်၊ ဝေသာလီပြဇာတ်၊ ဝန်ဇင်းမင်းရာဇာပြဇာတ်၊ နတ်ရှင်နောင် ပြဇာတ်၊ မြဝတီမင်းကြီး ဦးစပြဇာတ်၊ မောင်ဖေငယ်ပြဇာတ်၊ လှိုင်ထိပ်ခေါင်တင် ပြဇာတ်၊ ဦးပုညပြဇာတ်၊ လက်ဝဲသုန္ဒရပြဇာတ်၊ စာရေးဆရာ မောင်ဒေါနပြဇာတ်၊ နဝဒေးပြဇာတ်၊ ရှင်နှောင်းပြဇာတ်၊ ပြဇာတ်စုစုပေါင်း ၁၄ ပုဒ်၊ ကပွဲပဒေသာများ၊ တစ်ခန်းရပ်ပြဇာတ်များ၊ စကားရည်လုပွဲများ၊ စာပေဟောပြောပွဲများ၊ စာဆိုတော်နေ့ အခမ်းအနားများကို နှစ်စဉ်မပျက် လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် "စာရေးဆရာ လစဉ်စာစောင်" အမှတ်(၁)ကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာပြည်စာရေးဆရာများအသင်းက ထုတ်ဝေခဲ့သည်။ စာစောင်ကို အမှတ်စဉ် (၁) မှ (၉) အထိ ထုတ်ဝေခဲ့ရာတွင် စာရေးဆရာများ၏ ဝတ္ထု၊ ဆောင်းပါးများ၊ သတင်းများ၊ ကဗျာများ၊ အသင်း၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံဥပဒေများကို ဖော်ပြခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် "စာပေ"မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် "စာရေးဆရာအသင်း၏ နှစ်ပတ်လည်စာစောင်"နှင့် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် "စာရေးဆရာစာစောင်"ထုတ်ဝေခဲ့သည်။

> **❍ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အခြေခံကာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေး ကော်မတီက ၁၆-၆-၂၀၁၂ ရက်တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် ညီလာခံ" ကို ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် စည်သူဦးတင်လှိုင် (ဆရာလယ်တွင်းသားစောချစ်) ဦးဆောင်သော အမှုဆောင် ၃၅ ဦး ပါဝင်သည့် "မြန်မာနိုင်ငံ စာရေးဆရာအသင်း" ကို စာပေသမိုင်းဝင် ဖွဲ့စည်းနိုင်ခဲ့**
>
> **❍ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် မြို့နယ်အသင်းပေါင်း ၂၀၂ သင်းနှင့် အသင်းဝင်ပေါင်း ၅၀၀၀ ကျော်ရှိသဖြင့် အင်အားတောင့်တင်းခိုင်မာနေဆဲ**

### စာပေလုပ်သားအဖွဲ့

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပါလီမန်ဒီမိုကရေစီခေတ်က စာရေးဆရာများအသင်း ပျက်ပြယ်ပျောက်ကွယ်သွားခဲ့ပြီး "စာပေလုပ်သားအဖွဲ့ကြီး" ပေါ်ပေါက်လာခဲ့ပါသည်။ တော်လှန်ရေးကောင်စီ၊ ပြန်ကြားရေးဝန်ကြီးဌာနက ၁၁-၁၂-၁၉၆၆ ရက်နေ့တွင် "ဆရာကြီး ဦးဝန်(မင်းသုဝဏ်)" ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ" ကို ဖွဲ့စည်းပေးခဲ့ပြီး ၁-၆-၁၉၇၆ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးထိန်လင်း (ဗိုလ်တထောင်) (၁၉၇၆-၇၉) နှင့် ဦးအုန်းဖေ (ဆရာတက်တိုး) (၁၉၇၉) တို့ ဦးဆောင်သော "စာပေလုပ်သားစည်းရုံးရေးကော်မတီ" ကို ဖွဲ့စည်းပေးခဲ့သည်။ စာပေလုပ်သားစည်းရုံးရေးကော်မတီ(ဗဟို)က မြို့နယ်အဆင့်များကို ဆက်လက်ဖွဲ့စည်းစေခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဦးထွန်းတင် (ဆရာမန်းတင်) ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော "စာပေလုပ်သားညီလာခံ စည်းရုံးရေးကော်မတီ"ကို ဖွဲ့စည်းကာ ၁-၃-၁၉၈၀ တွင် "ပထမအကြိမ် စာပေလုပ်သားညီလာခံ" ကို ကျင်းပခဲ့ရာ ဦးထွန်းတင် (ဆရာမန်းတင်)ကိုပင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ "ဒုတိယအကြိမ် စာပေလုပ်သားညီလာခံ"ကို ၃-၄-၁၉၈၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းဖေ (ဆရာမြဇင်)၊ "တတိယအကြိမ်စာပေလုပ်သားညီလာခံ"ကို ၃၁-၃-၁၉၈၈ ရက်နေ့တွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်အေး (ဆရာခင်မောင်အေး-မန္တလေး) (၁၉၈၈-၈၉) စသည်ဖြင့် တာဝန်ပေးအပ်ခဲ့ကြသည်။

စာပေလုပ်သားအဖွဲ့ လက်ထက်တွင် "စာပေလုပ်သားမဂ္ဂဇင်း" ကို လစဉ်ထုတ်ဝေနိုင်ခဲ့သည့်အပြင် "စာပေလုပ်သား သတင်းဂျာနယ်" ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။ နိုင်ငံအနှံ့အပြားတွင် စာပေဟောပြောပွဲများကို ကျင်းပနိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ဖွဲ့စည်းပုံ ဥပဒေသစ်ပြဋ္ဌာန်းပွဲများတွင် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများတွင် စာပေဟောပြောပွဲများနှင့် တေးသရုပ်ဖော်ပွဲများဖြင့် ပါဝင်ကူညီခဲ့ကြသည်။

### စာပေနှင့်စာနယ်ဇင်းအဖွဲ့

၁၉၈၈ ခုနှစ်အရေးအခင်းအပြီး တပ်မတော်အစိုးရလက်ထက်တွင် စာပေလုပ်သားအဖွဲ့ကြီး၏ အမွေကို ဆက်ခံသော "မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့" ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၁-၁၀-၁၉၈၈ တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ရာ ၂၇-၁၀-၁၉၈၉ တွင် တရားဝင်ဖွဲ့စည်းခွင့် ရခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့် (ထီလာစစ်သူ) က ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီး ၂၉-၁၂-၁၉၉၃ တွင် ကျင်းပခဲ့သော "စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံ" က ဥက္ကဋ္ဌအဖြစ် ဦးမျိုးသန့် (ဆရာမောင်ဆုရှင်)၊ ၂၂-၆-၁၉၉၈ ရက်နေ့တွင် ကျင်းပသော "ဒုတိယအကြိမ် ညီလာခံ"က ဥက္ကဋ္ဌအဖြစ် ဦးကျော်အောင် (ဆရာကျော်အောင်)၊ ၂၁-၂-၂၀၀၀ တွင် ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာ ကိုဆောင်း)၊ ၂၈-၆-၂၀၀၂ ရက်နေ့တွင် ကျင်းပခဲ့သော "တတိယအကြိမ်ညီလာခံ"၊ ၁၇-၅-၂၀၀၆ တွင် ကျင်းပခဲ့သော "စတုတ္ထအကြိမ်ညီလာခံ" များက ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ဆရာ ကိုဆောင်း)၊ ၉-၅-၂၀၁၀ တွင် ကျင်းပခဲ့သော"ပဉ္စမအကြိမ်ညီလာခံ" က ဥက္ကဋ္ဌအဖြစ် ဦးတင်ခ(ဆရာတက္ကသိုလ် တင်ခ)၊ ဦးတင်ခ တာဝန်တစ်ခုအရ နုတ်ထွက်သွားသဖြင့် ဥက္ကဋ္ဌအဖြစ် ဦးတင်လှိုင် (ဆရာ လယ်တွင်းသားစောချစ်) တို့က တာဝန်ထမ်းဆောင်ခဲ့ကြသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံ သက်တမ်းတစ်ဝက် နှစ်နှစ်ခန့်အကြာတွင် ခေတ်စနစ်နှင့်အညီ စာရေးဆရာအလွှာ၊ သတင်းစာဆရာအလွှာ၊ ပုံနှိပ်ထုတ်ဝေသူအလွှာဟူ၍ အလွှာသုံးလွှာ ဖွဲ့စည်းရန် ဆုံးဖြတ်ပြီး ၂၄-၃-၂၀၁၂ တွင် အရေးပေါ်ညီလာခံခေါ်ယူကာ "စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ" ကို ဖွဲ့စည်းခဲ့သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့သက်တမ်းတွင် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများ၊ သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲများ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများ၊ စာပေဆုချီးမြှင့်ပွဲများကို ကျင်းပနိုင်ခဲ့သည်။

### မြန်မာနိုင်ငံစာရေးဆရာအသင်း

စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အခြေခံကာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေး ကော်မတီက ၁၆-၆-၂၀၁၂ ရက်တွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် ညီလာခံ" ကို ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် စည်သူဦးတင်လှိုင် (ဆရာလယ်တွင်းသားစောချစ်) ဦးဆောင်သော အမှုဆောင် ၃၅ ဦး ပါဝင်သည့် "မြန်မာနိုင်ငံ စာရေးဆရာအသင်း" ကို စာပေသမိုင်းဝင် ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အသင်းဝင်များအဖြစ် ပါဝင်ခွင့်ပြုခဲ့သည့်အပြင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များကိုလည်း မြို့နယ်စာရေးဆရာ အသင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စဉ်ကာလက အင်အား ၈၂၈၀ ရှိခဲ့သော်လည်း သတင်းစာဆရာအသင်း၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအသင်း စသည့် အသင်းနှစ်သင်းက သီးခြားဖွဲ့စည်းထားပြီးဖြစ်ရာ အင်အားထက်ဝက်ခန့် လျော့နည်းသွားခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

# ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုလျော့နည်းစေရန် HIA ဆန်းစစ်ချက်သင်တန်း မြောက်ဦးမြို့၌ ဖွင့်လှစ်

**မြောက်ဦး မေ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်ပျက်စီးမှု လျော့နည်းစေရန်အတွက် HIA ဆန်းစစ်ချက်သင်တန်းကို ကြက်ဈေးရပ်ကွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးခန်းမ၌ မေ ၁၂ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က ယဉ်ကျေးမှု အမွေအနှစ်များအပေါ် ထိခိုက်သက်ရောက်မှုများကို လေ့လာသုံးသပ်၍ ထိခိုက်မှုလျော့နည်းစေရေး ဆောင်ရွက်နိုင်ရန်အတွက် စာတွေ့လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်းနှင့် သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး တင်သွင်းထားသည့် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်များအပေါ် ထိခိုက်စေနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံများ၊ ဌာနဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများကို ဆန်းစစ်၍ ထိခိုက်မှု အနည်းဆုံးဖြစ်မည့် နည်းလမ်းဖြင့် လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း အွန်လိုင်းမှတစ်ဆင့် အမှာစကားပြောကြားသည်။

သင်တန်း ပထမပိုင်းသုံးရက် စာတွေ့သင်ကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများအကြောင်း၊ အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် လုပ်ငန်းစဉ်များအကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် ပတ်ဝန်းကျင်ကို စီမံခန့်ခွဲခြင်း၊ အချက်အလက်များစုဆောင်းခြင်း၊ GIS စနစ်နှင့် HIA လုပ်ငန်းစဉ်များ ချိတ်ဆက်နေပုံတို့ကို သင်ကြား၍ သင်တန်းဒုတိယ ၆ ရက်တွင် လက်တွေ့ကွင်းဆင်းခြင်း၊ အစီရင်ခံစာရေးသားခြင်းနှင့် ပြန်လည်ရှင်းလင်းတင်ပြခြင်းတို့ကို သင်ကြားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ပြောသည်။



အဆိုပါ HIA သင်တန်းတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရာထမ်း/အမှုထမ်း သင်တန်းသူ သင်တန်းသား ၂၇ ဦးနှင့် အသင်းအဖွဲ့ များမှ အဖွဲ့ဝင်များ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

**(ပြန်/ဆက်)**

# ကသာမြို့နယ်၌ ပြည်သူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ကသာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ထပ်မံရောက်ရှိလာသော ကိုဗစ် – ၁၉ရောဂါကာကွယ်ဆေးများကို မြို့နယ်အတွင်းရှိ ကိုဗစ် – ၁၉ ကာကွယ်ဆေးမထိုးနှံရသေးသူများနှင့် ပထမအကြိမ် ထိုးနှံပြီးသူများအား မေ ၁၃ ရက်မှစ၍ ကသာမြို့တော်ခန်းမတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကသာမြို့နယ်၌ ယခုနှစ် မေ ၁၁ ရက်အထိ Covidshield ကာကွယ်ဆေးကို လူဦးရေ ၃၈၁၀၊ Sinopharm ကို လူဦးရေ ၂၁၈၄၀၊ Covaxin ကို လူဦးရေ ၁၉၀၀ နှင့် Sinovac ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူ ၃၃၄၈ စုစုပေါင်း ၃၀၈၉၈ ဦးတို့အား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ် – ၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ထို့ပြင် ကသာမြို့နယ်၌ ပြည်သူများအား ကိုဗစ် – ၁၉ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံနိုင်ရန်ရည်ရွယ်၍ ဆေးထိုးနေရာများ တိုးချဲ့ကာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေခ(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

သို့သော် စာပေလောကသားများ၏ အကျိုးကို ဦးတည်၍ဖွဲ့စည်းထားကြသော အခြားမဟာမိတ်စာပေ အသင်းအဖွဲ့များ၊ သမဂ္ဂများထဲတွင် နှစ်ပေါင်းရှည်ကြာ သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၌ ၂၀၁၆ ခုနှစ်က မြို့နယ်အသင်းပေါင်း ၁၉၆ သင်း၊ အသင်းဝင်ပေါင်း ၄၄၃၀ အထိ တိုးပွားလာရာ အားတက်ဂုဏ်ယူစရာလည်း ကောင်းမွန်ခဲ့သည်။

ယခု မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် မြို့နယ်အသင်းပေါင်း ၂၀၂ သင်းနှင့် အသင်းဝင်ပေါင်း ၅၀၀၀ ကျော်ရှိသဖြင့် အင်အားတောင့်တင်းခိုင်မာနေဆဲဖြစ်ရာ အားရဝမ်းသာ ပီတိဖြာနေကြရပါသည်။

၂၀၁၆ ခုနှစ် ဒုတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)သည် ကျန်းမာရေးအခြေအနေအရ အနားယူသွားသောကြောင့် ဥက္ကဋ္ဌအဖြစ် ဦးကျော်ဝင်း (မနုသကျော်ဝင်း) ဆက်လက် အရွေးခံတာဝန်ယူခဲ့ပါသည်။ ဦးကျော်ဝင်းသည် ၂၂-၃-၂၀၂၂ တွင် ကွယ်လွန်သွားသဖြင့် ၂၅-၃-၂၀၂၂ တွင် ဒေါ်ချိုချိုတင် (မစန္ဒာ) အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။

ဒုတိယအကြိမ်ညီလာခံသက်တမ်း လေးနှစ်ကာလအတွင်းတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကာလကဆောင်ရွက်ခဲ့သော အကျိုးပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနေခဲ့ပါသည်။ ထူးခြားချက်အနေဖြင့် စာရေးဆရာအသင်းကြီးက ဦးဆောင်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲများ ကျင်းပပေးခဲ့ကာ ဆုချီးမြှင့်ခြင်း၊ စာရေးဆရာအသင်းအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ စာရေးနည်းသင်တန်းဆင်းများက စုပေါင်း၍ စာအုပ်များထုတ်ဝေခြင်း၊ နိုင်ငံတကာစာပေနှင့် မြန်မာစာပေ အပြန်အလှန်ဖလှယ်ကြခြင်း၊ နိုင်ငံတကာကဗျာရွတ်ဆိုပွဲများ၊ စာပေနှင့်အထွေထွေ သုတေသန စာတမ်းဖတ်ပွဲများ၊ လေ့လာရေးခရီးများအတွက် ဤအသင်းကြီးမှ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်အသင်းဝင်များ သွားရောက်လေ့လာ စာတမ်းဖတ်ကြား ကဗျာများရွတ်ဆိုခဲ့ကြခြင်း၊ မဲခေါင်စာပေဆုနှင့် အရှေ့တောင်အာရှစာပေဆုများရရှိခြင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် မဲခေါင်စာပေ ဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံစာရေးဆရာအသင်းက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်း၊ ဂျပန်ရှုန်တီ ကလေးစာပေ ဆုချီးမြှင့်ပွဲများ၊ ကလေးစာပေ အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းကျင်းပပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်မှုများတွင် ပါဝင်လှူဒါန်းခြင်း၊ ရှေ့တန်းရောက် တပ်မတော်သားများနှင့် အသက်စွန့်သွားသူများအတွက် လှူဒါန်းခြင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အခြားအသင်းအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကစာပေ၊ စာမူပြိုင်ပွဲများတွင် စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များအဖြစ် တာဝန်ကျေပွန်စွာ ပါဝင်ကူညီခဲ့ကြသည့်အပြင် ပခုက္ကူစာမူဆုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို တာဝန်ယူ ကျင်းပပေးခြင်း၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းတွင် အမှုဆောင်များအဖြစ် ပါဝင်ဆောင်ရွက်နေသည့်အပြင် စာကြည့်တိုက်မှူးများ ညီလာခံ၌ စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ သတင်းမီဒီယာ စာတမ်းဖတ်ပွဲတွင် ပါဝင်စာတမ်းဖတ်ကြားတင်သွင်းခြင်း၊ ဗဟိုအသင်းရုံးတွင်လည်း စာပေ၊ ဂီတ၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ၂၀၁၇ စာပေညီလာခံအပါအဝင် ဝတ္ထုတိုနှင့် ရောဝတီစာပေပွဲတော် အထိမ်းအမှတ်ပွဲများတွင် တက်ကြွကျေပွန်စွာ ပါဝင်လှုပ်ရှားခဲ့ကြခြင်း၊ စာမဖတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဗဟိုနှင့် မြို့နယ်အသင်းများက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပူးတွဲပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆင့်ဆင့်၏ ကူညီပံ့ပိုးမှုဖြင့် စဉ်ဆက်မပြတ် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြခြင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတွင် အမှုဆောင်ကော်မတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်း စသည်ဖြင့် ကြိုးပမ်းထမ်းရွက်ခဲ့ကြပါသည်။

## တတိယအကြိမ် ညီလာခံ

ယခုကျင်းပတော့မည့် "မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ" တွင် ညီလာခံ သက်တမ်းလေးနှစ်ကာလအတွင်း ဗဟိုအမှုဆောင်ကော်မတီက ဆောင်ရွက်နိုင်ခဲ့သမျှကို တင်ပြအစီရင်ခံရမည်ဖြစ်ရာ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက အပြုသဘော ဝေဖန်ဆွေးနွေး အကြံပေးကြရပေလိမ့်မည်။ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အတည်ပြုပေးကြပေလိမ့်မည်။ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် ဗဟိုအမှုဆောင်ကော်မတီဝင်များကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ပေးကြရပေလိမ့်မည်။

သို့သော် ကိုဗစ်ကပ်ရောဂါကာလအတွင်း အခြေအနေအရပ်ရပ်အကြောင်းအမျိုးမျိုးကြောင့် တတိယအကြိမ်ညီလာခံကို မူလသတ်မှတ်ကာလအတွင်း မကျင်းပနိုင်ခဲ့သောကြောင့် အချို့ညီလာခံကိုယ်စားလှယ်များမှာ အထွေထွေရောဂါများကြောင့် ကွယ်လွန်သွားကြပြီး အချို့ကျန်းမာရေးအခြေအနေကြောင့် အနားယူသွားကြခြင်း၊ အချို့နေရပ်ပြောင်းရွှေ့သွားကြခြင်း စသည်တို့ကြောင့် လစ်လပ်သွားသော ညီလာခံကိုယ်စားလှယ်များနှင့် မြို့နယ်အသင်းအမှုဆောင် လစ်လပ်နေမှုများကို ပြန်လည်အစားထိုး ရွေးချယ်နေကြရသည်။

မြို့နယ်အသင်းများအနေဖြင့် အစားထိုးရွေးချယ်ပြီးပါက မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အစားထိုးရွေးချယ်ခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်များစာရင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) သို့ အမြန်ဆက်သွယ်ပေးပို့ကြရန် အသင်းဗဟိုကလည်း လှုံ့ဆော်ပေးလျက်ရှိနေပါသည်။ ညီလာခံကိုယ်စားလှယ်များစာရင်း ပြည့်စုံနိုင်သမျှ ပြည့်စုံပါမှ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်က လုပ်ငန်းစဉ်များချောမွေ့ အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ကောင်းမွန်ခဲ့သော အစဉ်အလာကောင်းကိုလည်း ဆက်လက်မြှင့်တင်နိုင်မည် ဖြစ်သည်။

"မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်း"ကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး" (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၂ အထိ ၅၆ နှစ် စုစုပေါင်း ၇၈ နှစ် သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့လေပြီ။

သို့ဖြစ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များအနေဖြင့် "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်" **WE SHALL UPLIFT PRIDE OF HERITAGE AND LITERATURE** ဟူသော အသင်းကြီး၏ ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ကြကာ သမိုင်းအစဉ်အလာကောင်းခဲ့ကြသော "နှလုံးရည်တပ်သားကောင်းများ" ပီပီ စာပေအကျိုးနှင့် ပြည်သူ့အကျိုးကို အားသစ်လောင်း သယ်ပိုးထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တတိယအကြိမ်ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို ရှေးရှုကာ တက်ညီလက်ညီ ကြိုးပမ်းထမ်းရွက် ပါဝင်ဆင်နွှဲကြပါစို့ဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

## ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများပြုစုနိုင်ရေးအတွက် နိုင်-၄ မှတ်တမ်းရေးသွင်းနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား မေ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးရုံး၌ ဖွင့်လှစ်ထားသည့် OSS ရုံးတွင် ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများ ပြုစုနိုင်ရေးအတွက် နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းနေမှုအခြေအနေများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ကောင်စီအဖွဲ့ဝင်များက မေ ၆ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌအား ကောင်စီအဖွဲ့ဝင်နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သိန်းဆိုင်က လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန်အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား (၁)နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင် လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၂၀၂၂ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ထက်ဝေအောင် (စစ်ကိုင်း) တို့၏ "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ပါမောက္ခ ကိုကိုအောင်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ သန့်ဝင့်သော်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ K. M. A တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါး၊ မြသိန်း၏ နိုင်ငံတကာဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ဝင်းထွဋ်ဦး၊ အေးထွန်းမင်း၊ ဒေါက်တာ မြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးလွင်အောင်(မဟာဝိဇ္ဇာ) ၏ မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါး၊ သန့်လွင်ထွန်း (MPA) ၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ စံမြတ်ဘုန်း(စစ်ကိုင်း)၊ စောနိုင်(အသုံးချဘောဂဗေဒ) တို့၏ အကြမ်းဖက်မှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ နိုင်သောင်းထွဋ်၊ စိန်ဝင်းနွယ်၊ ဒေါက်တာ စန်းဦး၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၀၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀-၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တာမွေမြို့နယ်၌ ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်း

**တာမွေ မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ လူငယ်လူရွယ်လေးနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ရှေးဦးသူနာပြုစုနည်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မိမိ၏ မိသားစုနှင့် ပတ်ဝန်းကျင်ရှိ လူအများ၏ ကျန်းမာရေးကို တစ်ထောင့်တစ်နေရာမှ ကူညီစောင့်ရှောက်ပေးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်းပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၁၃ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုးအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရှေးဦးပြုစုခြင်းအခြေခံသင်တန်းတွင် တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ရှေးဦးသူနာပြုစုနည်း အခြေခံ(အခမဲ့) သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုနည်း အခြေခံသဘောတရား၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာများအား ရောဂါသက်သာစေရန် ကုသနည်းများ၊ အရေးပေါ်အသက်ကယ်လူနာအား ကိုင်တွယ်ခြင်းနှင့် သယ်ဆောင်နည်းများ၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်းများကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ နည်းပြဆရာများက မေ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးသင်တန်းဖွင့်

**ပြည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မော်ဇာအုပ်စုကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအသိပညာပေးသင်တန်းကို ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစီး၍ မေ ၁၃ ရက်တွင် ဖွင့်လှစ်သည်။

သင်တန်းတွင် ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းအကြောင်း အသိပညာပေးဟောပြောကာ ကျေးရွာအလိုက် ကျန်းမာရေးစစ်တမ်းများကောက်ယူ၍ အပတ်စဉ် သက်ဆိုင်ရာကျန်းမာရေးဌာနသို့ တင်ပြပေးပို့ပေးရန် ဆွေးနွေးဟောပြောပြီး ခရိုင်ကျန်းမာရေးဌာနမှ ဆရာနှစ်ဦးကလည်း ခြင်ပေါက်ဖွားရသည့်အကြောင်းရင်းနှင့် အဘိတ်ဆေးခတ်ရသည့်အကြောင်းရင်း၊ သွေးလွန်တုပ်ကွေးရောဂါဟု သံသယရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ပြသရန် စသည်တို့ကို ဟောပြောသည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးလုပ်သားများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်း(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲကို မေ ၁၂ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ခိုင်စိုးက ဒေသခံတစ်ဦး၏ လယ်မြေ ၁၅ ဧကအတွက် တစ်ဧကလျှင် သစ်စိမ်းမြေဩဇာမျိုးစေ့ လေးပြည်နှုန်းဖြင့် ပြည် ၆၀ ကို ပေးအပ်နေစဉ်။

မျိုးဇော်သိန်း(ပြန်/ဆက်)

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၇) မှာ တန်းဆင်းဇုန်မှ လိဒ်စ်က ဘရိုက်တန်၊ ဦးဆောင်သူ မန်စီးတီးက ကစားရခက်တဲ့ ဝက်စ်ဟမ်းတို့နဲ့ ဆုံတွေ့နေတဲ့ပွဲစဉ်တွေ ပါဝင်တာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

# အိမ်ကွင်းမှာ မန်စီးတီးကို အနိုင်ရဖို့မလွယ်တဲ့ ဝက်စ်ဟမ်း



| ပရီမီယာလိဂ်ပွဲစဉ် (၃၇) | |
|---|---|
| ၁၅-၅-၂၀၂၂ | တနင်္ဂနွေနေ့ |
| စပါး - ဘန်လေ | ည ၅း၃၀ |
| ဗီလာ - ပဲလေ့စ် | ည ၇း၃၀ |
| လိဒ်စ် - ဘရိုက်တန် | ည ၇း၃၀ |
| ဝက်ဖို့ဒ် - လက်စတာ | ည ၇း၃၀ |
| ဝက်စ်ဟမ်း- မန်စီးတီး | ည ၇း၃၀ |
| ဝုဖ် - နေ့ဝှစ်ချ် | ည ၇း၃၀ |
| အဲဗာတန် - ဘရန့်ဖို့ဒ် | ည ၁၀း၀၀ |
| ၁၆-၅-၂၀၂၂ | တနင်္လာနေ့ |
| ကာဆယ်-အာဆင်နယ် | နံနက်၁း၃၀ |
| ၁၇-၅-၂၀၂၂ | အင်္ဂါနေ့ |
| ဆောက်သမ်တန်-လီဗာပူး | နံနက်၁း၁၅ |

**ဂိုးအများဆုံး သွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၂၂ |
| ဆွန် | စပါး | ၂၀ |
| စီရော်နယ်ဒို | မန်ယူ | ၁၈ |
| ဒီဘရိုင်း | မန်စီးတီး | ၁၅ |
| ဂျိုတာ | လီဗာပူး | ၁၅ |
| မာနေး | လီဗာပူး | ၁၅ |
| ကိန်း | စပါး | ၁၃ |

## စပါး VS ဘန်လေ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** ဘန်လေ ၁-၀ စပါး

စပါးက ယခုပွဲစဉ်မတိုင်မီ အာဆင်နယ်အသင်းနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ ယခုပွဲစဉ်မှာ စပါးက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကြိုးစားလာမှာဖြစ်ပြီး ဘန်လေက ပရီမီယာလိဂ်တင်ကျန်ရေးကြိုးစားလာမှာပါ။ စပါးကပ်နိုင်မယ်။

## ဗီလာ VS ပဲလေ့စ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** ပဲလေ့စ် ၁-၂ ဗီလာ

ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ပွဲစဉ်ဖြစ်တာကြောင့် အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိတယ်။ ပြီးခဲ့တဲ့ပွဲမှာ ဗီလာက ရှုံးနိမ့်ထားပြီး ပဲလေ့စ်အသင်းက နိုင်ပွဲရထားတယ်။ မည်သို့ပင်ဆိုစေ ပဲလေ့စ်အသင်းထက် ဗီလာအသင်း ရလဒ်ကောင်းရရှိမယ်။

## လိဒ်စ် VS ဘရိုက်တန်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** ဘရိုက်တန် ၀-၀ လိဒ်စ်

ဘရိုက်တန်က ရမှတ်လိုအပ်ချက်မရှိပေမယ့် လိဒ်စ်အသင်းက တန်းဆင်းဇုန်က ရုန်းထွက်နိုင်ဖို့ ခြေကုန်ထုတ်လာမှာပါ။ လိဒ်စ်အသင်းက မန်စီးတီး၊ အာဆင်နယ်၊ ချယ်ဆီးတို့ကို သုံးပွဲဆက်ရှုံးနိမ့်ထားထားတယ်။ တန်းဆင်းဇုန်ဖိအားရှိနေတဲ့အတွက် လိဒ်စ်နိုင်မယ်။

## ဝက်ဖို့ဒ် VS လက်စတာ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** လက်စတာ ၄-၁ ဝက်ဖို့ဒ်

ဝက်ဖို့ဒ်က တန်းဆင်းခဲ့ရပြီဖြစ်ပေမယ့် ဂုဏ်သိက္ခာအရ လက်စတာကို အနိုင်ရရှိရေးပြင်ဆင်လာမှာပါ။ လက်စတာက ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတယ်။ တိုက်စစ်အားပြုကစားရင် လက်စတာကို သရေကျနိုင်ပေမယ့် လက်စတာအသင်းသာ နိုင်ပွဲရမယ်။

## ဝက်စ်ဟမ်း VS မန်စီးတီး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** မန်စီးတီး ၂-၁ ဝက်စ်ဟမ်း

အမှတ်ပေးဖလားဆွတ်ခူးဖို့ မန်စီးတီးအသင်းအတွက် အမှားခံလို့မရဘူး။ ဝက်စ်ဟမ်းက ယူရိုပါလိဂ်ဝင်ခွင့်အတွက် အာရုံစိုက်ကစားလာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းထက်မြက်ပြီး ဖလားဆွတ်ခူးဖို့ လက်တစ်ကမ်းအလိုရောက်လာတဲ့ မန်စီးတီးအသင်း ကပ်နိုင်မယ်။

## ဝုဖ် VS နော့ဝှစ်ချ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** ဝုဖ် ၀-၁ နော့ဝှစ်ချ်

ဝုဖ်အသင်းရော နော့ဝှစ်ချ်အသင်းပါ ပြီးခဲ့တဲ့ငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတယ်။ နော့ဝှစ်ချ်အသင်းက တန်းဆင်းခဲ့ရပြီဖြစ်ပေမယ့် ရလဒ်ကောင်းရရှိရေး ပြင်ဆင်လာမှာပါ။ ဝုဖ်အသင်းကလည်း နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ပြင်ဆင်လာမှာပါ။ ဝုဖ်အသင်း နိုင်ပွဲရရှိမယ်။

## အဲဗာတန် VS ဘရန့်ဖို့ဒ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** အဲဗာတန် ၄-၁ ဘရန့်ဖို့ဒ်

ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ နောက်ဆုံးနှစ်ကြိမ်မှာ အဲဗာတန်အသင်းက ဂိုးပြတ်အနိုင်ရရှိထားတယ်။ အမှတ်ပေးဇယားရပ်တည်မှုအရ ဘရန့်ဖို့ဒ်အသင်းထက် အဲဗာတန်အသင်း ရမှတ်လိုအပ်ချက်ရှိနေတဲ့အတွက် နိုင်ပွဲရရှိရေး ဦးတည်လာမှာပါ။ အဲဗာတန်ကပ်နိုင်မယ်။

## ကာဆယ် VS အာဆင်နယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု** အာဆင်နယ် ၂-၀ ကာဆယ်

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့မရတဲ့ အာဆင်နယ်အနေနဲ့ ကာဆယ်ကို မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ ရမှတ်လိုအပ်ချက်မရှိတဲ့ ကာဆယ်ထက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့် အာဆင်နယ်အသင်း နိုင်ပွဲရရှိမယ်။

# အက်ဖ်အေဖလားဗိုလ်လုပွဲ ချယ်ဆီးနဲ့ လီဗာပူးတို့ ကစားမည်

**နေ့ = စနေနေ့ အချိန် = ည ၁၀း၁၅ ကွင်း = ဝင်ဘလေ**

လီဗာပူးအသင်းအနေနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာ ပယ်နယ်တီ အဆုံးအဖြတ်နဲ့ ချယ်ဆီးကို အနိုင်ယူပြီးနောက် သုံးလအကြာ မေ ၁၄ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့် အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ ချယ်ဆီးအသင်းနဲ့ ထပ်မံယှဉ်ပြိုင်ကစားရမှာပါ။

အဲဒီအက်ဖ်အေဖလားဗိုလ်လုပွဲကို လန်ဒန်ရဲ့နာမည်ကျော်ကြားတဲ့ ဝင်ဘလေအားကစားကွင်းမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမှာပါ။ ဒါကြောင့် အဲဒီပွဲစဉ်မှာ ချယ်ဆီးအသင်းအနေနဲ့အက်ဖ်အေဖလားကို ကိုးကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား ဒါမှမဟုတ် လီဗာပူးအသင်းက ရှစ်ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ ချယ်ဆီးအသင်းတို့အနေနဲ့ ယခုအကြိမ်တွေ့ဆုံမှုဟာ ယခုနှစ်ရာသီရဲ့ လေးကြိမ်မြောက်တွေ့ဆုံမှုဖြစ်ပြီး ပြီးခဲ့တဲ့ သုံးကြိမ်မှာ မိနစ် ၉၀ အတွင်း အနိုင်အရှုံးအဖြေထွက်ပေါ်ထားခြင်းမရှိဘဲ သရေကျထားတာကို တွေ့ရတယ်။

လီဗာပူးအသင်းအနေနဲ့ ယခု အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ ချယ်ဆီးကို အနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့ရင် ယခုနှစ်ရာသီရဲ့ ဒုတိယမြောက် ဖလားဆွတ်ခူးနိုင်မှာဖြစ်သလို ဖလားလေးလုံးမျှော်လင့်ချက်လည်း ဆက်လက်ရှင်သန်လာမှာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်မှာ အမှတ်ပေးဖလားဆွတ်ခူးနိုင်ဖို့ မျှော်လင့်ချက်ရှိနေသေးပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲကို တက်လှမ်းထားနိုင်တာကြောင့် ဖလားဆွတ်ခူးဖို့ လက်တစ်ကမ်းအလိုကို ရောက်ရှိလာပြီ ဖြစ်တယ်။ ပြိုင်ဘက်ချယ်ဆီးအသင်းက ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့ပေမယ့် ရီးရဲမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရတာ ဖြစ်တယ်။ ဒါကြောင့် ဒီရာသီမှာ ချယ်ဆီးအသင်းအတွက် ဖလားဆွတ်ခူးနိုင်ဖို့ တစ်ခုတည်းသောမျှော်လင့်ချက်က အက်ဖ်အေဖလားသာ ရှိတော့တာ ဖြစ်တယ်။ ၂၀၁၉ ခုနှစ်ကလွဲပြီး ပြီးခဲ့တဲ့ ခြောက်ရာသီမှာ ဗိုလ်လုပွဲကို ငါးကြိမ်တက်ရောက်ထားနိုင်တဲ့ ချယ်ဆီးအသင်းအနေနဲ့ ဖလားလက်မဲ့ရာသီကိုမဖြတ်သန်းရဖို့ နည်းပြတူချယ်အကောင်းဆုံးကြိုးစားလာမှာပါ။

ဒါကြောင့် ဗိုလ်လုပွဲမှာ ဘယ်အသင်းက အနိုင်ရပြီး ဖလားဆွတ်ခူးသွားနိုင်မလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

**ချယ်ဆီးနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု**

| | ချယ်ဆီး | | | လီဗာပူး | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | အိမ် | အဝေး | စုစုပေါင်း | အိမ် | အဝေး |
| ပွဲ | ၁၈၁ | ၉၃ | ၈၈ | ၁၈၁ | ၈၈ | ၉၃ |
| နိုင် | ၆၁ | ၄၆ | ၁၅ | ၇၇ | ၅၁ | ၂၆ |
| သရေ | ၄၃ | ၂၁ | ၂၂ | ၄၃ | ၂၂ | ၂၁ |
| ရှုံး | ၇၇ | ၂၆ | ၅၁ | ၆၁ | ၁၅ | ၄၆ |

**ချယ်ဆီးအသင်းအတွက် ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| မေဆင်မောင့် | - | ၁၁ |
| လူကာကူ | - | ၈ |
| ဟာဗက်ဇ် | - | ၇ |
| ဂျော်ဂျင်ဟို | - | ၆ |



**လီဗာပူးအသင်းအတွက် ဂိုးအများဆုံးသွင်းထားသူများ**



| အမည် | | သွင်းဂိုး |
|---|---|---|
| ဆာလာ | - | ၂၂ |
| မာနေး | - | ၁၅ |
| ဂျိုတာ | - | ၁၅ |
| ဖာမီနို | - | ၅ |

■ မိုးဇက် - စုစည်းသည်

# သတင်းတိုများ



■ နည်းပြကလော့ပ်သည် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ဖာဘင်ဟို ပါဝင်နိုင်ဖွယ်မရှိကြောင်း အတည်ပြုခဲ့သည်။

■ ယူကရိန်းတောင်ပံကစားသမား ယာမိုလန်ကိုသည် ရာသီကုန်တွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည် ဖြစ်သည်။ ယာမိုလန်ကို (၃၂နှစ်) သည် ယခုနှစ်ရာသီတွင် ဝက်စ်ဟမ်းအသင်းအတွက် ပွဲ ၃၀ ပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူထားသည်။

■ အက်စ်တွန်ဗီလာအသင်းသည် လိဒ်စ်အသင်းမှ အင်္ဂလန် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလ်ကို ခေါ်ယူလိုနေသည်။

■ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်သည် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အဇာရင်ကာကို အနိုင်ရရှိပြီးနောက် ၂၅ ပွဲဆက်နိုင်ပွဲရရှိလာပြီ ဖြစ်သည်။ ထို့ကြောင့် ဆွီယာတက်ခ်သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ၂၅ ပွဲဆက် နိုင်ပွဲရရှိသည့် ကိုးဦးမြောက် တင်းနစ်မယ်ဖြစ်ခဲ့သည်။

■ ရာဖေးလ် နာဒယ်သည် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဒင်းနစ်ရှာပိုဗာလော့ဗ်ကို ရှုံးနိမ့်ခဲ့သည်။

■ စာချုပ်သက်တမ်းနောက်ဆုံးနှစ်အပိုင်းအခြားသို့ ရောက်ရှိလာပြီဖြစ်သော လီဝမ်ဒေါစကီးသည် ဘိုင်ယန်မြူးနစ်အသင်း၌ စာချုပ်သစ် ချုပ်ဆိုမှာမဟုတ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ



ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။


## သံတွဲ၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

**သံတွဲ မေ ၁၃**

သံတွဲမြို့နယ်တွင် သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် ထင်းအစားထိုးစိုက်ခင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၁၂ ရက်က သံတွဲမြို့နယ် သစ်တောကြိုးဝိုင်း အကွက်အမှတ် (၅၅) တွင် ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ကျေးရွာထင်းစိုက်ခင်း ၁၂၅ ဧကၡ မန်ဂျန်ရှားအပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**လှည်းကူး မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကို မေ ၁၂ ရက်က ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်အေးအေးနွဲ့က မိမိတို့ဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အသိပညာပေးလုပ်ငန်းများကို လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်အေးအေးနွဲ့နှင့် ဒုတိယဦးစီးမှူး ဦးတင်မျိုးအောင်တို့က ကလေးအလုပ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ကလေးအလုပ်သမားအခြေအနေ၊ ကလေးအလုပ်သမားပပျောက်ရေးသည် ဘာကြောင့်အရေးပါသလဲ၊ ကလေးအလုပ်သမား လျှော့ချရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

**အေးအေးနွဲ့(ပြန်/ဆက်)**


အိမ်မြင်ပဲ၌ထွန်းသော မီးများကို

နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့်

လျှပ်စစ်ကို ချွေတာပါ


## စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာရေတင်စနစ်တည်ဆောက်ခြင်းလုပ်ငန်းဖွင့်

**မကွေး မေ ၁၃**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ် ပေပင်စမ်းကျေးရွာအုပ်စု ကန်နီ ကျေးရွာ၌ ဆောင်ရွက်ပြီးသွားသော စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာရေတင်စနစ်တည်ဆောက်ခြင်းလုပ်ငန်းဖွင့်ပွဲကို မေ ၁၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဦးစိုးမြင့်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုးမောင်တို့က စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာရေတင်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာရေတင်စနစ် တည်ဆောက်ခြင်းနှင့် ဂါလန်၂၄၀၀ဆံ့အမြင့်တင်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ ကန်နီကျေးရွာ ရေရရှိရေးလုပ်ငန်းတွင် အကျယ်လေးလက်မ၊ အနက်ပေ ၆၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းကို Dears Brain ကုမ္ပဏီက ငွေကျပ် ၁၉ ဒသမ ၄၇ သန်းဖြင့်လည်းကောင်း၊ စက်ရေတွင်းမောင်းနှင်ရန် 8.8 KW ဆိုလာစနစ်တည်ဆောက်ခြင်းနှင့် 7.5 Hp ရေမြှုပ်ပန့် တပ်ဆင်ခြင်းကို Pro Engineering ကုမ္ပဏီက ၁၈ ဒသမ ၆၂၈ သန်းဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အထွေး**

## သရက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းမှတ်တမ်းကို e-ID စနစ်ဖြင့် ဖြည့်သွင်းလျက်ရှိ

**သရက် မေ ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း မှတ်တမ်းပုံစံ (နိုင်-၄) မှတ်တမ်းအချက်အလက်များကို e-ID စနစ်ဖြင့် ဆော့ဖ်ဝဲအတွင်း ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပြီးစီးမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့်အဖွဲ့ဝင်များက မေ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းများ ဆောင်ရွက်နေသည့် သရက်မြို့ ဘိလပ်မြေစက်ရုံ၌ အဆိုပါစာရင်းပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်များ မှန်ကန်ပြည့်စုံစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ မှတ်ပုံတင်စာအုပ် နိုင်-၄ ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အချက်အလက်များ တိကျမှန်ကန်မှုရှိစေရန် e-ID စနစ်ဖြင့် ဆာဗာအတွင်း သိမ်းဆည်းခြင်းလုပ်ငန်းများ၊ e-ID ဆော့ဖ်ဝဲအသုံးပြု၍ စိစစ်ပြင်ဆင်ခြင်း၊



စာရင်းရေးသွင်းခြင်းများကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လဝကဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဇွန်လကုန်အထိ ရက်ပေါင်း ၆၀ အတွင်း အပြီးဆောင်ရွက်သွားရမည်ဖြစ်၍ စနစ်တကျ စာရင်းပြုစုရေးသွင်းကြရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မြိတ်မြို့၌ သက်တမ်းကုန်ဆုံး ဓာတုဆေးဝါး ၁၁၈ မျိုး မီးရှို့ဖျက်ဆီး

**မြိတ် မေ ၁၃**

သက်တမ်းကုန်ဆုံးနေသော ဓာတုဆေးဝါး ၁၁၈ မျိုးကို မေ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာရှိ ကလွင်အမှိုက်ကန်အနီး၌ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆေးကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ မီးရှို့ဖျက်ဆီးကြသည်။

"ကိုဗစ်ကာလမှာ ဈေးကွက်ထဲဖြန့်ဖို့ ရုံးတွေလည်းပိတ်ထားတဲ့ အခြေအနေဖြစ်တော့ သက်တမ်းလွန်တဲ့ ဆေးဝါးတွေများသွားပါတယ်။ သက်တမ်းလွန်တဲ့ဆေးဝါးတွေကို စနစ်တကျမစွန့်ပစ်ရင် ပြင်ပမှာ ပြန်သုံးမိမှာစိုးတဲ့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး မီးရှို့ဖျက်ဆီးတာဖြစ်ပါတယ်။ ဖျက်ဆီးခဲ့တဲ့ ဆေးဝါးစုစုပေါင်း ၁၁၈ မျိုးရှိပြီး တန်ဖိုးအနေနဲ့ ကျပ် ၃၆၈ သိန်းကျော်ရှိပါတယ်" ဟု JDS ကုမ္ပဏီလီမိတက် တနင်္သာရီတိုင်းဒေသကြီး ရုံးခွဲမန်နေဂျာ ဦးမြင့်ဌေးက ပြောသည်။

**ခိုင်ထူး (မြိတ်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ် မေလ ၁၄ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာ ဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ကျပ် ၁၈၀၀၀၀၂၀၀၀-၁၉၀၀၀၀) အငယ်တန်းအင်ဂျင်နီယာ(၄) အလုပ်သင်(သံလမ်း)ရာထူး (၂၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသား) ဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် ၁.၆.၂၀၂၂ ရက်နေ့၌ အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက (၃၅နှစ်)ထက်မကျော်လွန်သူ) ဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ (သို့မဟုတ်)AGTI(Civil)ရရှိသူ ဖြစ်ရမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော(၁"x၁.၂၅")အရွယ် ကာလာဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာ တတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်အထောက်အထားမိတ္တူများ။
(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်း မပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက် ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို ၃၁-၅-၂၀၂၂ ရက်နေ့ ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ မြို့ပြအင်ဂျင်နီယာဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြား (မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် အထောက်အထား(မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည် -

(က) ၂-၆-၂၀၂၂ ရက်နေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ)အား ဖြေဆိုခြင်း။
(ခ) ၂-၆-၂၀၂၂ ရက်နေ့(နေ့လယ်ပိုင်း)နှင့် ၃.၆.၂၀၂၂ ရက်နေ့များတွင် လူတွေ့စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်းတွင် အငယ်တန်းအင်ဂျင်နီယာ(၄) အလုပ်သင် သံလမ်း(အခြေခံ)သင်တန်း(၁)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးမြောက်၍ လုပ်ငန်းခွင်သို့(၁)နှစ် တာဝန်ထမ်းဆောင်ပြီးပါက ရာထူးတစ်ဆင့်တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ တယ်လီဖုန်းနံပါတ် ၀၆၇-၇၇၁၀၉/၇၇၁၇၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/6758 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ ဆ တ္ထိုးကြီးအုပ်စု ညောင်ပင်သာကျေးရွာနေ မောင်ဇင်လင်းထက် ၉/ရမသ(နိုင်) ၂၅၈ ၅၃၄၏ ဖခင် ဦးအောင်မျိုးဝင်း(ခ)ဦးမျိုးဝင်း ၉/ရမသ(နိုင်) ၁၆၉၅၀၈ မှာ တစ်ဦး တည်း ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဝင်း(ခ)ဦးမျိုးဝင်း**

---

## အမည်ပြောင်း

ရမည်းသင်းမြို့၊ ဝါတိုး ဈေးတန်းအနောက်ရပ်နေ ဦးမျိုးမင်းသန်း ၁၂/ဥကမ (နိုင်) ၂၄၀၆၂၄၏သား အထက(၁) Grade-8(A)မှ မောင်မြတ်မင်း ခန့်အား မောင်မင်းပြည့်စုံဟုပြောင်းလဲ ခေါ်ပါရန်။

**မောင်မင်းပြည့်စုံ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ Water Front Villa (3)၊ တိုက်အမှတ် (၃၆/ဘီ) အမည်ပေါက် သူရဦးအေးမြင့် ၁၁/မလမ(နိုင်)၀၃၀၀၅၉ ၏ အမည်ပေါက် တိုက်ခန်းအိမ်ပေါ်တက်ရောက် နေထိုင်ခွင့်အကြောင်းကြားစာ (A/O) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် သူရဦးအေးမြင့် ၁၁/မလမ (နိုင်)၀၃၀၀၅၆မှ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်ကွက်၊ အရှေ့ပိုင်းနေ ဦးပြည့်ဝန်း-ဒေါ်ဖွန်မီကိုတို့၏သား မောင်သုတကောင်းဉာဏ်အား မောင်သူရဘုန်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## အမည်မှန်

အရာတော်မြို့၊ အမှတ်(၁)၊ လယ်တီရပ်နေ ဦးဇော်မျိုးဝင်း ၅/အရတ (နိုင်)၁၁၅၁၀၉ ၏ သား မောင်ဝဿန်မိုး ၅/အရတ (နိုင်) ၁၇၅၅၅၈ ၏ အမည်မှန်မှာ မောင်ဝသန်မိုး ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ် (JM-028)၊ မြေဧရိယာ၁ဧကရှိ ဦးသီဟအောင်(ဘ) ဦးရန်ကွမ်းရှောက် ၁၃/လရန (နိုင်)၀၈၃၄၈၃ အမည်ပေါက်မြေကွက်အား ဦးသီဟအောင်ထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲအပ်စာ အမှတ်(၁၁၂၄၀/၂၀၁၅)၊ (၂၇-၁၀-၂၀၁၅) ရရှိထားသူ ဒေါ်မူဆဲဝါး(ဘ)ဦးစောနေဝါး ၇/ ကတခ(နိုင်)၁၄၀၅၅၁ မှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း(မူရင်း)များ တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်မူဆဲဝါး(ဘ) ဦးစောနေဝါး ၇/ ကတခ(နိုင်)၁၄၀၅၅၁ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/21374, Honda WAVE-110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင် ၉/ကပတ(နိုင်)၂၃၂၉၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9985 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/1781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/3536 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

## တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဦးမြို့နယ်၊ လက္ကာသနီကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင် ဦးငွေးဝင်းနှင့် မမေဝင်းရွှေတို့၏ဖခင် ဦးမောင်စံကျော် (ခ) ဦးမောင်စံသာ ၁၁/မဥန(နိုင်)၀၇၆၉၈၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်နိုင်ထွန်း ၁၁/ကတန(နိုင်)၁၇၄၇၇၇ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၃၁၂၁၀၉

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအဂ္ဂသာရ ၁၂/ဗဟန (သ)၀၀၃၂၃၃ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၁၂၁၀၉

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/3736 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/5384 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
